
စိတ်ကူးချိုချိုအနုပညာ

# နှလုံးလှသည့်ငါး

## နှင့် နိုင်ငံစုံပုံပြင်များ

မောင်ခေတ်ထွန်း
မြန်မာပြန်



mgyoe.com

mgyoe.com

နိုင်ငံပေါင်း ၂၇ နိုင်ငံမှ
ပုံပြင် ၂၇ ပုဒ်ကို
စုစည်းပြန်ဆိုထားသည်။
ဤတစ်အုပ်ကို
ဖတ်ရှုလေ့လာကြရုံဖြင့်
နိုင်ငံအသီးသီး၏ပုံပြင်များကို
နှိုင်းယှဉ်သိရှိအရသာခံပြီး
ဖြစ်သွားမည်။



khit0007
2500.00 Ks
mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

၈၉၈.၈၃

နလုံးလှသည့်ငါးနှင့် နိုင်ငံစုံပုံပြင်များ
မောင်ခေတ်ထွန်း - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၃၁၈၊ မျက်နှာ၊ ၁၂.၅ စင်တီ x ၁၈.၅ စင်တီ
(၁) နလုံးလှသည့်ငါးနှင့် နိုင်ငံစုံပုံပြင်များ

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# နှလုံးလှသည့်ငါး

## နှင့် နိုင်ငံစုံပုံပြင်များ

## မောင်ခေတ်ထွန်း

ပြန်ဆိုသည်။

ပထမအကြိမ်

mgyoe.com
mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ပန်းကြွေကျောက်တုံးကြီး(ကိုရီးယား) .... ၁

၂။ ဒုက္ခပေးသည့်မိတ်ဆွေ (ကက်ချ်မီးယား) .... ၅

၃။ မြွေသူတော်ကောင်း (ချီလီ) .... ၁၂

၄။ သိုးကျောင်းသားကလေးနှင့် ဝံပုလွေ(ဂရိ) .... ၃၁

၅။ သစ်သားမြင်းရုပ် (တရုတ်) .... ၃၇

၆။ ကျောက်ခြသေ့် (တိဘက်) .... ၇၃

၇။ ဘုရင်ကြီးနှင့်ဆား (တူရကီ) .... ၈၇

၈။ မင်းသမီးအစစ်ရှာပုံတော် (ဒိန်းမတ်) .... ၉၇

၉။ ဝက်စာဖြစ်သွားသောမုန့်(နော်ဝေ) .... ၁၀၁

၁၀။ ဆံဖြူလူကလေး (ပါရှား) .... ၁၀၆

၁၁။ ကြက်မနီနီလေး (ပြင်သစ်) .... ၁၂၃

၁၂။ ရတနာဖိနပ်ကလေးတစ်ရံ (ဗီယက်နမ်) .... ၁၂၉

၁၃။ စောင်းဆရာကြီး ဂုတ္တိလ (မြန်မာ) .... ၁၃၇

၁၄။ ဆောင်းအဘိုးအိုနှင့် လူကလေးနွေဦး
(မြောက်အမေရိက) .... ၁၈၈



mgyoe.com

mgyoe.com


၁၅။ ကျောက်မျက်တောင်ကြီး (ရုရှား) .... ၁၉၃
၁၆။ ရွှေလည်ဆွဲ (သီရိလင်္ကာ) .... ၂၀၃
၁၇။ ပျင်းရိသောရှီဒုလာ (ဘင်္ဂလားဒေ့ရှ်) .... ၂၁၀
၁၈။ ချမ်းသာမှု (အမေရိကန်) .... ၂၂၀
၁၉။ မကောင်းကြံ မကောင်းခံ (အာမေးနီးယန်း) .... ၂၂၅
၂၀။ ပညာရှိကုန်သည်ကြီး (အာရပ်) .... ၂၃၇
၂၁။ ကံမကောင်းသော မင်းသားလေး(အီဂျစ်ပုံပြင်).... ၂၄၄
၂၂။ မင်းသမီးကလေးနှင့် သေတ္တာသုံးလုံး(အီတလီ) .... ၂၆၂
၂၃။ အင်အားအကြီးဆုံး (အီသီယိုးပီးယား) .... ၂၆၉
၂၄။ နှလုံးလှသည့်ငါး (အီရန်) .... ၂၇၆
၂၅။ ဂျက်နှင့်
ထူးဆန်းသော ပုဆိန်၊ ပေါက်ပြားနှင့်
သစ်ကြားသီး (အင်္ဂလိပ်) .... ၂၈၂
၂၆။ မိခင်ကို ပြစ်မှား၍
ကံကြီးထိုက်သူ (အင်ဒိုနီးရှား) .... ၂၉၄
၂၇။ တောဝမ်းဘဲ (အိန္ဒိယ) .... ၃၀၀


❐

mgyoe.com



mgyoe.com

# ပန်းကြွေကျောက်တုံးကြီး

[ကိုရီးယားရိုးရာပုံပြင်]

ကလေးတို့ရေ ကိုရီးယားနိုင်ငံရှိ မြို့တော်ဟောင်းတစ်မြို့ဖြစ်တဲ့ 'ပေကဂျီ' မြို့မှာ အခုထက်တိုင် ပန်းကြွေကျောက်တုံးကြီးတစ်တုံး ရှိနေလေတယ်။ အဲဒီကျောက်တုံးကြီးဟာ သူ့အကြောင်းကို စိတ်ဝင်စားဖွယ် ပြောပြနေတယ်။ အဲဒီ ပန်းကြွေကျောက်တုံးကြီး ဖြစ်ပေါ်လာပုံက ဒီလိုကွယ့်။

ဟိုးနှစ်ပေါင်းများစွာက ကိုရီးယားနိုင်ငံဟာ အခုလိုမဟုတ်ဘဲ ဒေသ ၃ ခု ကွဲပြားနေခဲ့တယ်။ အဲဒီအချိန်က ကိုရီးယား အရှေ့တောင်ဘက်ပိုင်းကို အုပ်ချုပ်နေတဲ့ စီလာဘုရင်နဲ့ အနောက်တောင်ပိုင်းကို အုပ်ချုပ်မင်းလုပ်နေတဲ့ ပေကဂျီဘုရင်တို့ဟာ တစ်ဦးနဲ့တစ်ဦး စစ်ခင်းတိုက်ခိုက်ကြတယ်။

သူတို့နှစ်ဦးအနက် စီလာဘုရင်ဟာ အလွန်ပဲ အင်အားတောင့်တင်းခိုင်မာတယ်။ ဒါကြောင့် သူဟာ ပေကဂျီဘုရင်ရဲ့ နန်းတော်ထိ

mgyoe.com

mgyoe.com



သွားရောက်ကာ တိုက်ခိုက်နိုင်လေတယ်။

စီလာဘုရင်ရဲ့တပ်ဟာ နန်းတော်ကို ဝိုင်းရံထားပြီး ပေကဂျီဘုရင်ကို "လက်နက်ချ အညံ့ခံပါ၊ ကျွန်ုပ် သင်နဲ့ သင့်မိသားစုကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ဒီနန်းတော်က ထွက်ခွာခွင့်ပေးပါ့မယ်လို့ ကတိပြုပါတယ်" လို့ ပြောတယ်။

ပေကဂျီဘုရင်ရဲ့ မှူးတော်မတ်တော်တွေက စီလာဘုရင်ရဲ့ စကားကို မယုံဖို့၊ နားမထောင်ဖို့ လျှောက်တင်ကြတယ်။

"စီလာဘုရင်ရဲ့စကားကို လုံးဝ မယုံပါနဲ့ အရှင်မင်းကြီး၊ အခု တော့ စီလာဘုရင်ရဲ့စကားဟာ ချိုသာနေတာမှန်ပေမဲ့ အရှင်မင်းကြီး အညံ့ခံလိုက်တာနဲ့ တစ်ပြိုင်နက် အရှင်မင်းကြီးနဲ့ မိသားစုကို သတ်ပါ လိမ့်မယ်"

ပေကဂျီဘုရင်ရဲ့ နန်းတော်မှာ အမျိုးသမီး ရံရွေတော်ပေါင်း သုံးထောင်ရှိလေတယ်။ ရံရွေတော် အကြီးအမှူးက ဘုရင်ကြီးအား 'အရှင်မင်းကြီး အရှင်မင်းကြီးနဲ့တကွ မိသားစုတွေအားလုံး ဒီနန်း တော်က အမြန်ဆုံး ထွက်ခွာသွားကြပါ။ အရှင်မင်းကြီးတို့ အသက် အန္တရာယ် စိုးရိမ်လှပါတယ်။ နန်းတော်ရဲ့ အနောက်ဘက်မှာ လျှို့ ဝှက်တံခါးပေါက်တစ်ခု ရှိပါတယ်။ အဲဒီတံခါးပေါက်ကထွက်ရင် စီလာဘုရင်ဟာ အရှင်မင်းကြီးတို့ကို မြင်နိုင်မှာ မဟုတ်ပါဘူး။ တစ်နေ့မှာ အရှင်မင်းကြီး ကိုယ့်တိုင်းပြည်ကို အုပ်ချုပ်ဖို့ ပြန်လာလို့ ရနိုင်ပါတယ်။ အခုနေအခါမှာတော့ ဘေးကင်းရာ ရှောင်နေသင့်ကြောင်းပါ' လို့ လျှောက်ထားပြန်လေတယ်။

ပေကဂျီဘုရင်ကြီးကမူ သူ့နန်းတော်မှ မထွက်ခွာသွားလိုပေ။ ဒါပေမဲ့ သူ့မှူးကြီးမတ်ကြီးများနဲ့ ရံရွေတော်မှူးတို့ရဲ့ လျှောက်ထား တောင်းပန်မှုကြောင့် ဘုရင်ကြီးလည်း သူ့မိသားစုနဲ့အတူ နန်းတော်

mgyoe.com

mgyoe.com



အနောက်ဘက် လျှို့ဝှက်တံခါးက ထွက်ခွာသွားခဲ့လေတယ်။

ဘုရင်ကြီး ထွက်ခွာသွားပြီးတာနဲ့ အမျိုးသမီးတွေအားလုံးဟာ သတ္တိရှိရှိ ရဲရဲရင့်ရင့်နဲ့ ရန်သူကျူးကျော်သူ စီလာဘုရင်ရဲ့တပ်ကို လုံးဝ မတိုက်နိုင်တော့တဲ့အထိ ဆက်လက်တိုက်ပွဲဝင် ဆင်နွှဲခဲ့တယ်။ နောက်ဆုံး တိုက်ပွဲမှာ ကျဆုံးသူတွေအနက် ကျန်ရှိတဲ့ အမျိုးသမီးတွေဟာ ဆာချာ မြစ်ကြီးအနီးရှိ မြင့်မားတဲ့ ကျောက်တုံးကြီးပေါ် ကိုတက်ကာ ကျောက် တုံးကြီးပေါ်မှ အလွန်အေးမြတဲ့ မြစ်ထဲကို ခုန်ချ အဆုံးစီရင်ခဲ့ကြတယ်။ ရန်သူလက်ထဲမှာထက် သေရတာက မြတ်တယ်ဆိုတဲ့ သဘောဖြစ်တယ်။ အဲဒီလို မြစ်ထဲခုန်ချတဲ့အချိန်မှာ သူတို့ အားလုံး အဖြူရောင်အဝတ်ကို ဆင်မြန်းထားကြလို့ မြစ်ထဲကို ပန်းဖြူဖြူလေးတွေ ကျဆင်းနေတာနဲ့ အတော်တူတာပဲတဲ့။


ကိုရီးယားပြည်သူတွေဟာ အဲဒီ သူရဲကောင်း အမျိုးသမီးတွေ ကို အမြဲ သတိရနေကြတယ်တဲ့။ အခုအခါ သူတို့ မြစ်ထဲခုန်ချခဲ့တဲ့ ကျောက်တုံးကြီးကို 'ပန်းကြွေကျောက်တုံးကြီး' လို့ ခေါ်ဝေါ်နေကြ တယ်။ အဲဒီကျောက်တုံးကြီးဆီကို ကိုရီးယားနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများနဲ့ ကမ္ဘာတစ်ဝန်းက ဧည့်သည်တွေ သွားရောက်လည်ပတ် ကြည့်ရှုလျက် ရှိနေကြတယ်တဲ့ကွယ်။

Leon Comber ၏ Favourite Stories for Asian Schools စာအုပ်မှ ကိုရီးယားရိုးရာပုံပြင် The Falling Flower Rock

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဒုက္ခပေးသည့်မိတ်ဆွေ

[ကက်ချ်မီးယား ပုံပြင်]

တစ်ခါက ကက်ချ်မီရှိ ရွာကလေးတစ်ရွာတွင် ရွာသူကြီး တစ်ဦးရှိလေသည်။

ထိုရွာသူကြီးသည် သူ့ရွာအတွင်းရှိ ရွာသားတစ်ဦးအား အလွန် ခင်မင်ရင်းနှီးလေသည်။

သို့သော် မကြာမီ သူ့မိတ်ဆွေသည် အလွန် တစ်ကိုယ် ကောင်းဆန်သောသူဖြစ်ကြောင်း သိရှိသွားသည်။

ထို့ကြောင့် သူသည် သူ့မိတ်ဆွေအား အဆက်ဖြတ်လိုသည်။ မိတ်ဆွေအဖြစ် ရပ်တန့်လိုသည်။

သို့သော် သူသည် သူ့မိတ်ဆွေနှင့် နှစ်အတန်ကြာ ခင်မင်ရင်း နှီးနေ၍ ရုတ်တရက် မိတ်ဖျက်ရန် ခက်ခဲနေသည်။

အထူးသဖြင့် သူသည် သူ့မိတ်ဆွေအား သူ့ ကိုယ်ရေးကိုယ် တာအတွင်းရေးများကို ပြောပြထား၍ မိတ်ဆွေအဖြစ် မဆက်ဆံလို သော်လည်း ရန်သူဖြစ်သွားမည်ကို အလွန်စိုးရိမ်နေလေသည်။

mgyoe.com

mgyoe.com


ထို့ကြောင့် သူသည် မည်သို့ ပြုလုပ်ရမည်ဆိုသည်ကို အမျိုးမျိုး ကြံစည်သည်။

နောက်ဆုံးတွင် သူသည် အကြံတစ်ခု ရသွားကာ သူ့ဇနီးအား...

"ရှင်မရေ... ဒီကောင်ဟာ ဘာမှ အလိုက်ကန်းဆိုး သိတတ်တဲ့အကောင် မဟုတ်ဘူး၊ ငါတို့စားချိန်သောက်ချိန်ဆိုမှ ရောက်ရောက်လာပြီး ဘာမပြော ညာမပြော ခေါ်ခေါ် မခေါ်ခေါ် ဝင်နှိုက်စားတော့တာပဲ၊ ဒီကောင် ဒီတစ်ခါလာရင် ငါ အပြင်ကို ထွက်ရှောင်နေမယ်။ သူပြန်သွားမှ ပြန်လာမယ်၊ အဲဒီအခါမှ စားကြစို့၊ အခုတော့ မင်းက အဆာပြေ နည်းနည်းစားထားပြီး အစားအစာတွေကို ဖွက်ထားပါ။ သူလာရင် နံနက်စာ စားပြီးပြီလို့ပြော၊ အဲဒီအခါ သူက သူမစားရသေးတဲ့အတွက် သူ့ဖို့ တစ်ခုခု ချက်ခိုင်းလိမ့်မယ်၊ ရှင်မက ကျွန်မခင်ပွန်း ခွင့်မပြုဘဲ ကျွန်မဘာတစ်ခုမှ မလုပ်ရဲပါဘူးလို့ ပြောလိုက်ပါ၊ ဘာအစားအစာမှ မပေးပါနဲ့"

ဟု မှာကြားပြောဆိုလေသည်။

ထိုသို့ဖြင့် နံနက်စာစားချိန်ရောက်သော် ရွာသူကြီး၏ မိတ်ဆွေသည် သူတို့အိမ်သို့ ရောက်ရှိလာသည်။

ရွာသူကြီး၏ဇနီးလည်း ခင်ပွန်းသည် မှာကြားထားသည့်အတိုင်း...

"ကျွန်မ ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မခင်ပွန်း အပြင်ကိုသွားနေပါတယ်။ ကျွန်မတို့လည်း စားသောက်ပြီးပါပြီ၊ ကျွန်မခင်ပွန်းသာရှိရင် ရှင့်ကို ကြက်တစ်ကောင်သတ်ပြီး ကျွေးမှာအမှန်ပဲ"

ပဲ့ ပြောဆိုလေသည်။

ထိုအခါ မိတ်ဆွေက...

mgyoe.com

mgyoe.com



"ကျွန်ုပ်အတွက် ဘာမှ စိတ်အနှောင့်အယှက် ဖြစ်စရာမလိုပါဘူး။ သင့်ခင်ပွန်းမရှိတာ အကြောင်းမဟုတ်ပါဘူး၊ ကျွန်ုပ်ရှိနေတာပဲ၊ ကျွန်ုပ်လည်း ကြက်သတ်နိုင်တာပဲ၊ ဒါ ရှက်စရာမှမဟုတ်တာဘဲ" ဟု ဆိုလေသည်။

မိတ်ဆွေ၏စကားကို ကြားသော် သူကြီး၏ဇနီးသည် ပျာပျာသလဲဖြစ်သွားကာ...

"အို... မဖြစ်နိုင်ပါဘူး၊ ဒီအကြောင်းသာ ကျွန်မယောကျ်ားကြားသွားရင် ကျွန်မကို သိပ်စိတ်ဆိုးလိမ့်မယ်၊ ကျေးဇူးပြုပြီး ကျွန်မကို ဒုက္ခမပေးပါနဲ့ရှင်၊ ကျွန်မယောကျ်ားပြန်လာမှ ဒီကို ပြန်လာပါ" ဟု ဆိုလေသည်။

သို့သော် မိတ်ဆွေသည် ပြန်မထွက်သွားသေးချေ။

"ကျွန်ုပ်ကိုယုံပါ၊ ကျွန်ုပ် ချက်တာပြုတ်တာ ဝါသနာပါတယ်။ သင်မိမွေးထားတုန်း ကျွန်ုပ် ကြက်သတ်ပေးပါ့မယ်၊ သင့်ယောကျ်ား ပြန်လာရင် အားလုံး ရှင်းပြပေးပါ့မယ်" ဟု မိတ်ဆွေသည် ပြောပြောဆိုဆို ကြက်ခြံထဲသို့ ဆင်းသွားကာ ကြက်ခြံထဲမှ အကောင်းဆုံး ကြက်တစ်ကောင်ကို ဖမ်းယူကာ သတ်လေသည်။

ထိုအခါ သူကြီး၏ဇနီးက...

"အို... ဒီလိုတော့ မလုပ်လိုက်ပါနဲ့၊ ကျွန်မယောကျ်ား မကြာခင် ပြန်ရောက်လာပြီး ရှင့်ကို အစားအစာတွေ ကျွေးမှာပါ" ဟု ဆိုလေသည်။

သို့သော် မိတ်ဆွေသည် အမျိုးသမီးကြီး၏စကားကို နားမထောင်ချေ။

သူသည် ကြက်ကို အမြန်ဆုံးသတ်ကာ အမျိုးသမီးကြီးအား ချက်ရန် ပေးလေသည်။

mgyoe.com

mgyoe.com


သူကြီး၏ဇနီးလည်း မည်သို့မျှ မတတ်နိုင်တော့ချေ။ လွှဲရှောင်ရန် နည်းလမ်းမရှိတော့ချေ။

ထိုသို့ဖြင့် အမျိုးသမီးကြီးသည် ကြက်ကို မီးဖိုချောင်တွင် ချက်ပြုတ်ရလေတော့သည်။

ဟင်းမကျက်မီ သူကြီးလည်း အိမ်သို့ ပြန်လည်ရောက်ရှိလာလေသည်။

သူကြီးလည်း သူ့မိတ်ဆွေအား...

"မင်္ဂလာနံနက်ခင်းပါ" ဟု နှုတ်ဆက်ကာ အလ္လာပသလ္လာပ စကားစမြည် အနည်းငယ်ပြောဆိုပြီးနောက် သူ့ဇနီးရှိရာ မီးဖိုချောင်အတွင်းသို့ဝင်ပြီး ဘာလုပ်နေသနည်းဟု မေးလေသည်။

သူ့ဇနီးလည်း ဖြစ်ပျက်ပုံ အလုံးစုံကို ပြန်လည်ပြောပြလေသည်။

ထိုအခါ သူကြီးက...

"ကိစ္စမရှိပါဘူး၊ ဒီလိုလုပ်၊ ကြက်သားကျက်ရင် သူ့ကို နည်းနည်းပဲပေး၊ ကြက်သားကိုလည်း ကြေးအိုးထဲထည့်ပေး၊ ငါ့ဖို့တော့ ကြက်သားများများထည့်ပေး၊ ကြက်သားကို မြေအိုးထဲထည့်ပြီး ငါ့ရှေ့မှာထားပေး" ဟု မှာကြားလေသည်။

ကြက်သားကျက်သော် သူကြီး၏ ဇနီးသည် သူ့ယောကျ်ား ပြောကြားသည့်အတိုင်း စားပွဲပေါ်တွင် ဟင်းခွက်များကို ချလေသည်။

သို့သော် သူကြီး၏ မိတ်ဆွေကား အလွန်ပါးနပ်သောသူ ဖြစ်လေသည်။ သူ့ရှေ့တွင် ကြက်သားနည်းနည်းချထားပြီး သူကြီး၏ ရှေ့တွင် ကြက်သားများများ ချထားသည်ကို သတိပြုမိသွားသည်။

ထိုအခါ မိတ်ဆွေက ချက်ချင်းပင် သူကြီးအား...

"မဟုတ်သေးဘူးလေ၊ ကျွန်ုပ်ကိုတော့ အကောင်းဆုံးကြေးအိုး

mgyoe.com

mgyoe.com



နဲ့ ချကျွေးပြီး သင်ကတော့ မြေအိုးနဲ့ စားရတယ်လို့၊ ကိစ္စမရှိပါဘူး။ ကျွန်ုပ် မြေအိုးနဲ့ပဲ စားပါ့မယ်" ဟု ပြောဆိုကာ သူကြီးရှေ့ရှိ မြေအိုးကို ယူလိုက်ပြီး သူ့ရှေ့ရှိ ကြေးအိုးကို သူကြီးရှေ့တွင် လဲလှယ်ချထားပေးလိုက်သည်။ သူကြီးက အိုးကို မပြောင်းရန်ပြောသော်လည်း မရချေ။

နောက်ဆုံး သူကြီးလည်း သူ့ဇနီးကို မျက်ရိပ်ပြကာ...

"လွန်ခဲ့တဲ့ ရက်အနည်းငယ်ကစပြီး မကောင်းဆိုးဝါးကောင် တစ်ကောင်ဟာ ကျွန်ုပ်တို့အိမ်ကို ရောက်ရောက်လာပါတယ်၊ မီးပိတ်ပြီဆိုရင်တစ်ကြိမ်၊ ဒါမှမဟုတ် နှစ်ကြိမ်လောက် လာတတ်တယ်" ဟု ပြောဆိုလေသည်။

"ဟုတ်လား" ဟု ဧည့်သည်မိတ်ဆွေက အံ့ဩဟန်ဖြင့်ဆိုသည်။

သူကြီး၏ဇနီးသည် သူ့ယောကျ်ားဆိုလိုချက်ကို နားလည်သဘောပေါက်သွားသည်။

ထို့ကြောင့် ဇနီးဖြစ်သူသည် ချက်ချင်းပင်ထ၍ မီးကိုပိတ်လိုက်လေသည်။

တစ်အိမ်လုံး မှောင်သွားလေသည်။ ထိုအခါ သူကြီးသည် မိတ်ဆွေရှေ့ရှိ မြေအိုးကို လှမ်းယူရန် မြေအိုးကို လက်ဖြင့်စမ်းနေသည်။

ဧည့်သည်မိတ်ဆွေသည် သူကြီး၏လှုပ်ရှားမှုကို သိရှိသွားသည်။

ထို့ကြောင့် မိတ်ဆွေသည် လက်တစ်ဖက်ဖြင့် အိုးကိုဆုပ်ကိုင်ထားကာ ကျန်လက်တစ်ဖက်ဖြင့် မီးတိုင်ကိုယူပြီး မီးတိုင်ဖြင့် သူကြီးအား နာနာကျင်ကျင် ရိုက်နှက်လေသည်။ သူကြီးလည်း နာကျင်လှသဖြင့် အော်လေသည်။

mgyoe.com

mgyoe.com


"ရှင် ကျွန်မယောကျ်ားကို ဘာလုပ်တာလဲ" ဟု အမျိုးသမီးကြီးက ညည့်သည်မိတ်ဆွေအား ဆိုမြည်လေသည်။

ထိုအခါ မိတ်ဆွေက...

"မကောင်းဆိုးဝါးကောင်က ကျွန်ုပ်အစာတွေကို ခိုးယူနေတယ်လေ၊ သတိထား... သတိထား" ဟုဆိုကာ မီးတိုင်ဖြင့် သူကြီးအား ရိုက်ပြန်လေသည်။


နောက်ဆုံးတွင် မီးတိုင်လည်း ကျိုးသွားလေသည်။ ထို့နောက် ညည့်သည်မိတ်ဆွေလည်း ကြက်သားထည့်ထားသော မြေအိုးကို ဆုပ်ကိုင်ကာ တံခါးပေါက်မှ ထွက်ပြေးသွားလေသည်။

R.D Binfield ၏- Tale From Over The Sea စာအုပ်မှ The Troublesome Friend, A Tale from Kashmir.

□

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# မြွေသူတော်ကောင်း

[ချီလီပုံပြင်]

တစ်ခါက မာရီကွာတာအမည်ရှိ ချောမောလှပသော အမျိုးသမီးတစ်ဦး ရှိလေသည်။ သူ့တွင် ဖခင်နှင့် အစ်ကိုနှစ်ယောက်ရှိသော်လည်း သူ့အမေ ဆုံးပါးသွားသည်မှာ ကြာပြီဖြစ်သည်။ တစ်နေ့တွင် မာရီကွာတာသည် ဥယျာဉ်ထဲတွင် မြွေသေးကလေးတစ်ကောင်ကို တွေ့မြင်ရာ မြွေကို မသတ်ဘဲ ယုယစွာ ပွေ့ယူ၍ သေတ္တာထဲတွင်ထည့်ကာ အိမ်ထဲတွင် ထားရှိလေသည်။

သူသည် နေ့စဉ် သူ့အစားအစာထဲမှ အစားအစာများကို ပန်းကန်ထဲတွင်ထည့်ပြီး မြွေထည့်ထားသည့် သေတ္တာကလေးဆီသို့သွားကာ သေတ္တာကိုဖွင့်၍ ...

'ချစ်ညီမလေး ဖလော်ရီတာရေ' ဟု ခေါ်လေသည်။

ထိုအခါ မြွေက...

'အစ်မ ဘာအလိုရှိလို့လဲ' ဟု ပြန်မေးကာ သေတ္တာထဲမှ ခေါင်းပြူထွက်လာပြီး မာရီကွာတာယူဆောင်လာသည့် အစားအစာများကို

mgyoe.com

mgyoe.com


စားသုံးလေသည်။ အစားအစာများမှာ အလွန်ကောင်းမွန်လှသည်ဖြစ်၍ မကြာမီ မြွေလေးသည် တဖြည်းဖြည်း ကြီးထွားလာလေသည်။

ထိုသို့ မာရိကွာတာသည် အစားအစာများအား နေ့စဉ်ယူနေသည်ကို သူ့ဖခင်က သတိပြုမိသွားသည်။ သူ့သမီး ဘာလုပ်နေသည် ဆိုသည်ကို သိချင်သည်။

ထို့ကြောင့် သူ့ဖခင်သည် သူ့သမီး ဘာလုပ်နေသည် ဆိုသည်ကို အနီးကပ် စောင့်ကြပ်ကြည့်ရန် သူ့အမှုထမ်းများအား စေခိုင်းထားလေသည်။ အမှုထမ်းများလည်း မာရိကွာတာ၏နောက်သို့ တိတ်တဆိတ် လိုက်လံကြည့်ရှုရာ မြွေကြီးကို မြင်တွေ့သွားလေသည်။ အမှုထမ်းများလည်း အလွန် ကြောက်ရွံ့ထိတ်လန့်ကာ သူ့ဆရာထံသို့ ပြေးသွားပြီး မာရိကွာတာသည် သူယူဆောင်သွားသည့် အစာများကို မြွေကြီးအား ကျွေးနေကြောင်း ပြောကြားကြလေသည်။

ထိုအခါ မာရိကွာတာ၏ ဖခင်က အမှုထမ်းတစ်ယောက်အား မြွေကြီးကို သေတ္တာအတွင်းမှထုတ်၍ တောင်ကုန်းထိပ် တောတွင်းသို့ ယူဆောင်သွားပြီး သတ်ပစ်ရန် စေခိုင်းလိုက်လေသည်။

မာရိကွာတာသည် သူ့ဖခင်ကြီးအား မြွေကြီးကို မသတ်ရန်နှင့် သူနှင့်အတူ နေထိုင်ခွင့်ပြုရန် တောင်းပန်ပြောဆိုလေသည်။ သူသည် မြွေကြီးကို ငယ်ငယ်ကတည်းက ကျွေးမွေးပြုစုလာခဲ့၍ သံယောဇဉ်တွယ်တာနေပြီ ဖြစ်သည်။

သို့သော် မာရိကွာတာ၏ တောင်းပန်စကားကို သူ့ဖခင်ကြီးက လက်မခံချေ။ သူ့ဖခင်ကြီးက သူ့သမီး ကျေနပ်စေရန် မြွေကြီးအား သတ်မည့်အစား တောတွင်းသို့ လွှတ်ပစ်မည်ဟု ပြောဆိုသည်။

ထို့နောက် အစေအပါးများအား မြွေကြီးအား တောတွင်းသို့ ယူဆောင်သွားရန် စေခိုင်းလိုက်လေသည်။ အစေအပါးများလည်း

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# သိုးကျောင်းသားကလေးနှင့် ဝံပုလွေ

[ဂရိပုံပြင်]

တစ်ခါက ဂရိနိုင်ငံတွင် 'တိုနီ' ဆိုသော လူငယ်ကလေး တစ်ဦးရှိတယ်။ သူ့အသက်မှာ ၁၂ နှစ်ဖြစ်သည်။ သူ့အဖေသည် သိုးထိန်းတစ်ဦး ဖြစ်သည်။ သိုးများစွာ မွေးမြူထားသည်။

တစ်နေ့တွင် သူ့အဖေသည် 'တိုနီ' အား...

"ငါ့သား အဖေ တစ်ညအိပ် ခရီးထွက်စရာရှိတယ်၊ အဖေခရီးသွားနေတုန်း သိုးတွေကို ဂရုစိုက်ကြည့်ထား၊ သိုးတွေကို တောင်ခါးပန်းတွေမှာသာ ကျောင်းပါ။ တောစပ်နားမှာ သွားမကျောင်းလေနဲ့။ တောထဲမှာ ဝံပုလွေတစ်ကောင်ရှိတယ်။ သိုးတွေကို ဖမ်းယူသတ်ဖြတ်စားလိမ့်မယ်" ဟု ပြောကြားကာ ခရီးထွက်သွားလေသည်။

တိုနီသည် သိုးများကို တောင်ခါးပန်းများသို့ ခေါ်ဆောင်သွားကာ ကျောင်းလေသည်။ တိုနီနှင့်အတူ ခွေးတစ်ကောင်လည်း ပါလာလေသည်။ တိုနီနှင့် သူ့ခွေးသည် သိုးများကို တစ်နေ့လုံး စောင့်ကြည့်သည်။ တောင်ခါးပန်းများသည် စားကျက်ကောင်းလှသည်။

mgyoe.com

mgyoe.com



တောင်ခါးပန်းပေါ်မှ ရွာကို လှမ်းမြင်ရသည်။ ရွာသူရွာသားများကို တွေ့ရသည်။

သူ့ သူငယ်ချင်းများသည် တောင်ခါးပန်းသို့လာ၍ သူနှင့်အတူ ဆော့ကစားကြသည်။ ညနေ ၆ နာရီအချိန်တွင် ရွာသို့ ပြန်သွားကြလေသည်။ ထိုအချိန်တွင် ညကလည်း မှောင်လာပြီဖြစ်သည်။ အေးလည်းအေးလှပြီဖြစ်သည်။ 'သိုးကျောင်းရတာ တော်တော် ပျင်းစရာကောင်းတာပဲ၊ အခု ကစားဖော်တွေလည်း ပြန်ကုန်ကြပြီ၊ စကားပြောမယ့်လူတွေလည်း မရှိတော့ဘူး၊ လူတိုင်းဟာ ရွာထဲကို ရောက်ကုန် ကြပြီ၊ သူတို့ကို နောက်ပြောင်ကျီစားဦးမယ်။ ဒါမှ ပျော်စရာကောင်းမှာ၊ ငါနောက်ပြောင်ရင် လူတွေ တောင်ခါးပန်းဆီ အမြန်ဆုံး ရောက်လာကြမှာပဲ' ဟု တိုနီသည် တွေးမိကာ "ကယ်ကြပါဗျို့၊ ဝံပုလွေကြီး ရောက်နေတယ်" ဟူ၍ ရွာသို့ လှမ်းအော်ပြောလိုက်လေသည်။

ရွာထဲမှလူများသည် တုတ်၊ ဓားများကိုင်ကာ တောင်ခါးပန်းဆီသို့ ပြေးလာကြလေသည်။

"ဝံပုလွေ ဘယ်မှာလဲ" ဟု တိုနီကို ဝိုင်းမေးကြလေသည်။

ထိုအခါ တိုနီသည် ရယ်မော၍ "ကျွန်တော် နောက်ပြောင်တာပါ၊ ဝံပုလွေ မလာပါဘူး၊ စကားပြောချင်လို့ တမင်နောက်ပြီး ခေါ်တာပါ" ဟု ဆိုလေသည်။

တိုနီ့စကားကို ကြားရ၍ ရွာသားများသည် အလွန်စိတ်ဆိုး သွားကြလေသည်။

"ဘာလို့ နောက်ရတာလဲ၊ ငါတို့မှာ မင်းနဲ့ စကားပြောဖို့ အချိန်လည်းမရှိဘူး၊ အိမ်မှာလည်း အလုပ်တွေက အများကြီး၊ အာ.အား ယား ယား နောက်ရတယ်လို့" ဟု ဆိုကာ ရွာသားများသည် ရွာသို့

mgyoe.com

mgyoe.com


ပြန်သွားကြလေသည်။ သူ့ခွေးကလေးလည်း ရွာသားများနှင့် အတူ လိုက်ပါသွားခဲ့သည်။

တိုနီသည် တောင်ခါးပန်းပေါ်တွင်ထိုင်၍ သိုးများကို စောင့်ကြည့်နေသည်။ ထိုသို့ဖြင့် ည ၈ နာရီ အချိန်သို့ ရောက်ရှိလာခဲ့သည်။

'အခုဆိုရင် ရွာထဲမှာ အလုပ်တွေလည်း ပြီးစီးရောပေါ့၊ ဒီတောင်ခါးပန်းဆီကို တစ်ယောက်ယောက် ရောက်လာပြီး ငါနဲ့ စကားပြောရင် သိပ်ကောင်းမှာပဲ' ဟု တွေးမိပြန်လေသည်။ ထို့ကြောင့် သူသည် မတ်တတ်ရပ်၍ ရွာထဲသို့ လှမ်းအော်လိုက်ပြန်လေသည်။

"ကယ်ကြပါဗျို့၊ ကယ်ကြပါ၊ ဒီမှာ ဝံပုလွေကြီး ရောက်နေတယ်"

ရွာသားများသည် တုတ်၊ ဓားများဆွဲကာ ပြေးထွက်လာကြပြန်လေသည်။

"ဘယ်မှာလဲ ဝံပုလွေ" ဟု တိုနီကို မေးကြသည်။

တိုနီသည် ရယ်မောကာ...

"ဝံပုလွေ မရှိပါဘူး၊ တစ်ယောက်တည်း ပျင်းတာနဲ့ ကျီစားတာပါ" ဟု ဆိုလေသည်။

လူများသည် တိုနီကို စိတ်ဆိုးသွားကြသည်။

"မင်းမို့ နောက်ရက်တယ်၊ အခုအချိန်ဟာ အိပ်ချိန်ကွ၊ ငါတို့လည်း တစ်နေ့လုံး အလုပ်နဲ့လက် ပြတ်တယ်ရယ်လို့ မရှိဘူး။ ပင်ပန်းလွန်းလို့ အိပ်ချင်လှပြီ" ဟု ဆိုကာ ရွာသို့ ပြန်ကြလေသည်။

တိုနီလည်း မောမောနှင့် အိပ်ပျော်သွားလေသည်။ ည ၁၂ နာရီခန့်တွင် သူသည် အသံများကြောင့် လန့်နိုးလာသည်။ သိုးများသည် ကြောက်လန့်တကြား ပြေးလွှားနေကြသည်ကို တွေ့ရသည်။

mgyoe.com

mgyoe.com


"ဘာ–ဘာ–ဘာ–ဘာ" ဟု လည်း အော်နေကြသည်။

တိုနီ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ သူ့အဖော် ခွေးလည်း မရှိ၊ တိုနီသည် သိုးများနောက်သို့ ပြေးလိုက်သွားသည်။ သူသည် ရုတ်တရက် ဝံပုလွေကို လှမ်းမြင်လိုက်သည်။ ဝံပုလွေသည် သိုးတစ်ကောင်ကို ကိုက်ခဲလျက်ရှိသည်။

ထိုအခါ တိုနီသည် ချက်ချင်းပင်–

"လာကြပါဦးဗျို့၊ ကယ်ကြပါဗျို့၊ ဒီမှာ ဝံပုလွေကြီး ရောက်နေတယ်၊ ကျွန်တော့်သိုးတွေကို ကိုက်နေတယ်" ဟူ၍ ရွာဘက်သို့ လှမ်း၍ အကူအညီ တောင်းလေသည်။

သို့သော် ရွာသားများကား မည်သူမျှ ထွက်မလာကြပေ။ "တော်တော်ဆိုးတဲ့ တိုနီ၊ ဒီကောင် နောက်ပြန်ပြီ၊ ငါတို့ သွားရင် ငါတို့ကို ကြည့်ပြီး လှောင်ပြောင်မှာပဲ" ဟုဆိုကာ အိမ်ထဲ၌ပင် နေကြလေသည်။

ထိုညတွင် ဝံပုလွေသည် သိုး ၅ ကောင်ကို ဖမ်းဆီးကိုက်ဖြတ်ခဲ့သည်။ တိုနီသည် အလွန်စိတ်ဆင်းရဲသွားလေသည်။ သူ့အဖေပြန်လာလျှင် အဆူခံရမည်ကို အလွန်စိုးရိမ်လျက် ရှိသည်။

သူ့အဖေသည် နောက်တစ်နေ့တွင် အိမ်သို့ ပြန်ရောက်လာလေသည်။ အကြောင်းစုံကို ကြားသိသော် သူ့အဖေသည် အလွန်ဒေါသထွက်ကာ...

"မင်းဟာ တော်တော်မိုက်တဲ့ကောင်၊ ဝံပုလွေမရှိဘဲနဲ့ ဘာလို့ နောက်ပြောင် အကူအညီတောင်းရတာလဲ၊ တစ်ခါဆိုရင်လည်း ထားပါတော့၊ အခုတော့ နှစ်ကြိမ်တောင် နောက်ပြောင်တယ်။ ဝံပုလွေ တကယ်လာတဲ့အခါ မင်းကို ဘယ်သူက ယုံတော့မှာလဲ။ အကူအညီ တောင်းလို့ ဘယ်ရတော့မှာလဲ။ အခုတော့ သိုး ၅ ကောင်လည်း ဆုံးပြီ။ နောက် မြဲမြဲမှတ်ထား၊ နောက်ပြောင်တယ်ဆိုတာ နေရာတိုင်း

mgyoe.com

mgyoe.com




မှာ ကောင်းတာမဟုတ်ဘူး" ဟု ဆုံးမလေသည်။

ထိုအခါမှ တိုနီသည် အမြင်မှန်ရသွားကာ နောက်နောင်တွင် နောက်ပြောင်ကျီစားမှု မပြုတော့ပေ။ လိမ်ညာ၍ မပြောတော့ပေ။ အမှန် တရားကိုသာ ပြောဆိုလေတော့သည်။

Flok-Tales from Different Lands စာအုပ်မှ The Shepherd Boy and the Wolf.

▢

mgyoe.com


mgyoe.com
mgyoe.com

mgyoe.com

# သစ်သားမြင်းရုပ်

[တရုတ်ပုံပြင်]

တစ်နေ့ လက်သမားဆရာတစ်ယောက်နှင့် ပန်းပဲဆရာတစ်ယောက်သည် သူတို့၏လက်ရာနှင့် ပတ်သက်၍ ငြင်းခုံလျက်ရှိကြသည်။

လက်သမားဆရာက "ငါ့အနုပညာလက်ရာဟာ မင်းထက်သာတယ်" ဟု ပြောဆို၍ ပန်းပဲဆရာက...

"မင်း ဘယ်လိုပြောလိုက်တာလဲ၊ ငါ့လက်ရာကသာ မင်းထက်သာတယ်ကွ" ဟု ပြောဆိုသည်။

ထိုသို့ဖြင့် တစ်ဦးနှင့်တစ်ဦး ငြင်းခုံနေကြရာ အဖြေရှာမရဖြစ်နေလေသည်။ နောက်ဆုံးတွင် သူတို့သည် ဘုရင်ကြီးထံသို့ သွားရောက်ကာ သူတို့၏ ပြဿနာကို အဆုံးအဖြတ်ခံရန် သဘောတူကြလေသည်။ မကြာမီ သူတို့သည် ဘုရင်ကြီးရှေ့မှောက်သို့ ရောက် လာခဲ့ကြလေသည်။

ဘုရင်ကြီးသည် သူတို့ကိုကြည့်ကာ...

mgyoe.com

mgyoe.com


"မောင်မင်းတို့နှစ်ယောက် ဘာကြောင့် ဒီကိုရောက်လာရသလဲ" ဟု မေးလေသည်။

ထိုအခါ လက်သမားဆရာက "မှန်လှပါ၊ ကျွန်တော်မျိုးဟာ လက်သမားဆရာတစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်မျိုး ပြုလုပ်တဲ့ ပစ္စည်းမှန်သမျှကို ကမ္ဘာပေါ်မှာ ဘယ်လက်သမားမှ ပြုလုပ်နိုင်စွမ်း မရှိပါဘူး။ ကျွန်တော်မျိုးလက်ရာဟာ တခြားသူတွေထက် သာလွန်ကောင်းမွန်တာကို တွေ့ရပါလိမ့်မယ်။ ဒါပေမဲ့ ဟောဒီ ပန်းပဲဆရာက ကျွန်တော်မျိုးလက်ရာဟာ သူ့လက်ရာကို မမီဘူးလို့ ပြောဆိုနေပါတယ် အရှင်ဘုရား" ဟု လျှောက်တင်သည်။

ပန်းပဲဆရာသည် လက်သမားဆရာ၏ စကားကိုကြားသော်...

"အရှင်မင်းကြီး သူ့ပြောကြားချက်ဟာ မမှန်ပါဘူး၊ ကျွန်တော်မျိုးရဲ့ လက်ရာကို မြင်တဲ့သူတိုင်းက ကျွန်တော်မျိုးကို မချီးမွမ်းဘဲ မနေနိုင်ပါဘူး၊ ဒါပေမဲ့ သူက ကျွန်တော်မျိုးရဲ့လက်ရာဟာ သူ့ကို မမီနိုင်ဘူးလို့ ဆိုနေပါတယ်" ဟု ဘုရင်ကြီးအား ပြန်လည်လျှောက်တင်သည်။

ထို့နောက် လက်သမားဆရာနှင့် ပန်းပဲဆရာနှစ်ဦး တစ်သံတည်းဖြင့်...

"ဒါကြောင့် အရှင်မင်းကြီးဟာ ကျွန်တော်မျိုးတို့နှစ်ယောက် အနက် ဘယ်သူ့လက်ရာဟာ ပိုကောင်းတယ်ဆိုတာကို ဆုံးဖြတ်ပေးတော်မူပါလို့ လျှောက်ထားအပ်ပါတယ် အရှင်မင်းကြီး" ဟု လျှောက်တင်ကြလေသည်။

သူတို့နှစ်ဦး၏ လျှောက်တင်ချက်ကိုကြားသော် ဘုရင်ကြီးသည် မည်သို့လုပ်ရမှန်းမသိဖြစ်ကာ အကျပ်ရိုက်သွားသည်။ ထို့

mgyoe.com

mgyoe.com


နောက် သူတို့နှစ်ဦးအား...

"မောင်မင်းတို့ရဲ့ လက်ရာကို မမြင်ဘဲနဲ့ ဘယ်သူက လက်ရာသာတယ်ဆိုတာ ဘယ်လို ဆုံးဖြတ်ပေးရမှာလဲ၊ ကဲ... ပြန်သွားကြ၊ ၁၀ ရက်အတွင်း ပစ္စည်းတစ်ခုခုလုပ်ပြီး ဒီကို ယူလာခဲ့ကြ" ဟု ပြန်လည်မိန့်ဆိုတော်မူလေသည်။

ထိုသို့ဖြင့် သူတို့နှစ်ဦးသည် အိမ်အသီးသီးသို့ ပြန်သွားကြပြီး ပစ္စည်းတစ်ခုစီ ပြုလုပ်ကြလေသည်။ ၁၀ ရက်ပြည့်သည့်နေ့တွင် သူတို့သည် ဘုရင်ကြီးရှေ့သို့ ရောက်ရှိလာကြသည်။ ပန်းပဲဆရာသည် သံငါးကြီးတစ်ကောင်ကို ယူဆောင်လာသည်။

ဘုရင်ကြီးက "ဒီသံငါးကြီးဟာ ဘယ်လို အသုံးဝင်မှာလဲ" ဟု မေးသည်။

ထိုအခါ ပန်းပဲဆရာက "ကျွန်တော်မျိုးရဲ့ သံငါးကြီးဟာ သူ့ကျောပေါ်မှာ သီးနှံအိတ် တစ်သိန်းတင်ပြီး ပင်လယ်မှာ ကူးသွားနိုင်ပါတယ်" ဟု ပြန်ဖြေသည်။

ဘုရင်ကြီးသည် ပန်းပဲဆရာကြီး၏ စကားကိုကြားသော် ရယ်မောလျက်...

'ဒီ မိုက်မဲတဲ့ကောင်တော့ ရှုံးတော့မှာပဲ၊ ဒီလောက် လေးလံတဲ့ သံငါးကြီးက ဘယ်လိုလုပ် ရေကူးနိုင်မှာလဲ။ ရေထဲချတာနဲ့ မြုပ်သွားမှာပေါ့' ဟု တွေးမိသည်။ သို့သော် ဘုရင်ကြီးက "မင်းရဲ့ငါး ရေကူးမကူးဆိုတာ ကြည့်ရသေးတာပေါ့" ဟု ဆိုကာ အမှုထမ်းများကိုခေါ်၍ သီးနှံအိတ်တစ်သိန်းကို သံငါးကြီးပေါ်တင်စေပြီး ပင်လယ်ရေထဲသို့ ချကြည့်လိုက်လေသည်။

ထိုအခါ သံငါးကြီးသည် ရေပေါ်ရောက်သည်နှင့် မြုပ်မသွားသည့်ပြင် လျင်မြန်သွက်လက်စွာ ကူးခတ်သွားသည်ကို အံ့ဩဖွယ်

mgyoe.com

mgyoe.com


တွေ့မြင်ရလေသည်။ မြင်သူတိုင်းသည် တအံ့တသြဖြစ်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။ ဘုရင်ကြီးလည်း ပန်းပဲဆရာအား ကောင်းချီးထောပနာပြုကာ လမ်းဗိုလ်ရာထူးကို ခန့်အပ်လိုက်လေသည်။

ထိုအချိန်တွင် လက်သမားဆရာကြီးသည် မြင်းရုပ်ကို ထမ်းပြီး နန်းတော်ထဲ ဝင်လာသည်။ ဘုရင်ကြီးသည် လက်သမားဆရာအား ကြည့်ပြီး မျက်နှာ မသာမယာဖြစ်ကာ...

"ဒါ ကလေးကစားစရာ အရုပ်ပဲ၊ ငါးကြီးနဲ့ ဘယ်လိုလုပ်ပြိုင်မှာတုံး" ဟု မေးလိုက်လေသည်။

ထိုအခါ လက်သမားဆရာက "မှန်ပါတယ် အရှင်မင်းကြီး၊ ဒါပေမဲ့ ကျွန်တော်မျိုးရဲ့ မြင်းရုပ်ဟာ သူ့ငါးထက် ပိုပြီး အံ့သြစရာကောင်းတာကို တွေ့ရပါမယ်။ ဒီမြင်းမှာ သော့တံနှစ်ခု ပါပါတယ်။ ပထမသော့တံတစ်ခုကို သော့ပေးလိုက်ရင် မြင်းရုပ်ဟာ ထပျံပါလိမ့်မယ်။ ဒုတိယသော့တံမှာ ထပ်ပြီးသော့ပေးလိုက်ရင် ဒီထက်ပိုပြီး မြန်လာတာကို တွေ့ရပါမယ်။ သော့တံ ၂၆ ခုစလုံးကို သော့ပေးလိုက်ရင် သူ့ကို ဘယ်ငှက်ကမှ လိုက်မမီတော့ပါဘူး။ အဲဒီလောက်မြန်တာကို တွေ့ရပါမယ်။ အရှင်မင်းကြီးဟာ ဒီမြင်းကြီးကိုစီးပြီး ကမ္ဘာတစ်ပတ် လှည့်လည်သွားလာနိုင်ပါတယ်" ဟု လျှောက်တင်လေသည်။

ထိုသို့ ဘုရင်ကြီးနှင့် လက်သမားဆရာတို့ စကားပြောဆိုနေကြစဉ် ဘုရင်ကြီး၏သားတော်လေးတစ်ပါးသည် သူတို့နားသို့ ရောက်ရှိလာသည်။ သူသည် လက်သမားဆရာကြီး၏ ပြောစကားကို ကြားသိရ၍ အလွန် စိတ်ဝင်စားသွားသည်။ ဘုရင်ကြီး၏ သားတော်လေးသည် မြင်းကိုစီးပြီး ကောင်းကင်တွင် ဝဲပျံချင်စိတ် ပေါ်ပေါက်လာ

mgyoe.com

mgyoe.com



သည်။ ကောင်းကင်တွင် ဝဲပျံပြီးကြည့်လျှင် ကမ္ဘာလောကကြီးသည် မည်မျှ အံ့သြစရာကောင်းမည်နည်း။ ထို့သို့ဖြင့် သားတော်လေးသည် ဖခမည်းတော်ဘုရင်ကြီးအား မြင်းရုပ်ကို စီးခွင့်ပြုပါရန် ခွင့်တောင်းလေသည်။

ဘုရင်ကြီးက "သားတော်လေး မြင်းရုပ်ကိုစီးလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီမြင်းရုပ်ဟာ တကယ်ပျံနိုင်၊ မပျံနိုင်ဆိုတာ သားတော် ဘယ်သိနိုင်မလဲ၊ မြေပြင်ပေါ် လိမ့်ကျလိမ့်မယ်" ဟု မိန့်ဆိုသည်။

ထိုအခါ လက်သမားဆရာက...

"အရှင်မင်းကြီး ဒီအတွက် စိုးရိမ်ပူပန်မှု မဖြစ်ပါနဲ့၊ သားတော်လေးဟာ မြင်းပေါ်က လိမ့်မကျနိုင်ပါဘူး" ဟု ပြန်လည်လျှောက်တင်လေသည်။

သားတော်လေးသည် သူ့ ဖခမည်းတော်အား မြင်းကိုစီးခွင့်ပြုရန် နားပူနားဆာ ဆက်လုပ်ပြန်လေသည်။ ဘုရင်ကြီးသည် သားတော်လေးကို အလွန်ပင် ချစ်မြတ်နိုးသည်။ မည်သည့်အခါမျှ သားတော်လေးပူဆာသည်ကို ငြင်းပယ်ခဲ့သည်ဟူ၍ မရှိပေ။ ထို့ကြောင့် နောက်ဆုံးတွင် ဘုရင်ကြီးက...

"ကောင်းပြီ... သားတော်လေး စီးချင်တယ်ဆိုရင်လည်း စီးပေါ့၊ ဒါပေမဲ့ ဖြည်းဖြည်းသာစီးပါ၊ မြန်မြန်မစီးပါနဲ့၊ ပထမသော့တံကလွဲပြီး ကျန်တဲ့သော့တံတွေကို မလှည့်ပါနဲ့" ဟု မိန့်ဆိုသတိပေးလေသည်။

သားတော် မင်းသားလေးလည်း ကတိပြုသည်။ ထို့နောက် မင်းသားလေးသည် မြင်းပေါ်သို့တက်ကာ ပထမသော့တံကိုလှည့်၍ သော့ပေးလိုက်လေသည်။ ထိုအခါ မြင်းရုပ်ကြီးသည် ကောင်းကင်သို့တက်ကာ ပျံသန်းသွားလေသည်။ မင်းသားလေးသည် မြေပြင်သို့

mgyoe.com

mgyoe.com


ငုံ့ကြည့်လိုက်သည်။ မြေပြင်တွင် တောင်များ၊ မြစ်များ၊ သစ်ပင်များ၊ မြို့ရွာများ၊ လူများကို သေးငယ်စွာ မြင်တွေ့ရသည်။

မြင်းသည် ကောင်းကင်သို့ မြင့်တက်လေ တောတောင်ရေမြေ လူနေအိမ်ခြေများသည် ပို၍ သေးငယ်သွားကြသည်ကို တွေ့ရသည်။ ဤသို့ မြင်တွေ့ရသည်ကို မင်းသားလေးသည် အလွန်ပျော်ရွှင်နေမိသည်။ ထို့ကြောင့် သူသည် မြင်း၏ကိုယ်ပေါ်မှ သော့တံအားလုံးကို တစ်ခုပြီးတစ်ခု လှည့်လိုက်သည်။ ထိုအခါ မြင်းသည် အလွန်လျင်မြန်လာလေသည်။ မြင်းသည် အလွန်လျင်မြန်လှ၍ အောက်ရှိ တောတောင် ရေမြေ လူနေအိမ်ခြေများကို လုံး၀ မမြင်ရတော့ချေ။

မင်းသားလေးသည် မြင်းကြီးကိုစီးရင်း ခရီးဝေးလံသည့်နေရာသို့ ရောက်ရှိလာသည်။ ထို့နောက် သူသည် ဖိုက်ဆာလာ၍ အောက်သို့ ငုံ့ကြည့်လိုက်ရာ အောက်တွင် မြို့တစ်မြို့ကို တွေ့ရလေသည်။ ထို့ကြောင့် မင်းသားလေးသည် မြင်းရုပ်ကြီး၏ သော့တံများ အားလုံးကို တစ်ခုပြီးတစ်ခု ပြန်ကျုပ်လိုက်သည်။ ထိုသို့ဖြင့် မြင်းရုပ်ကြီးသည် အောက်သို့ ဖြည်းဖြည်းချင်းဆင်းသွားကာ မကြာမီ မြေပြင်ပေါ်သို့ ရောက်ရှိသွားလေသည်။ မင်းသားလေးသည် ဆိုင်တစ်ဆိုင်တွင် အကောင်းဆုံး စားသောက်ဖွယ်ရာများကို မှာစားပြီး ထိုဆိုင်တွင် တည်းခိုလေသည်။ သူသည် တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသည့် မြို့သစ်တစ်မြို့ကို တဒင်္ဂအတွင်း ရောက်ရှိသွား၍ အလွန်ပျော်ရွှင်ဝမ်းသာနေလေသည်။

နောက်တစ်နေ့တွင် မင်းသားလေးသည် မြို့ထဲရှိ လမ်းများသို့ လှည့်လည်ကြည့်ရှုသည်။ မကြာမီ သူသည် ကွင်းပြင်ကြီးတစ်ခုသို့ ရောက်ရှိသွားသည်။ ကွင်းပြင်ထဲတွင် လူအုပ်ကြီးတစ်အုပ်သည် ကောင်းကင်သို့ မော်ကြည့်နေသည်ကို တွေ့ရသည်။

mgyoe.com

mgyoe.com



"ကောင်းကင်မှာ အလွန်ထူးဆန်းတာကို တွေ့လို့သာ မော်ကြည့်နေတာဖြစ်ရမယ်" ဟု သူသည် တွေးမိကာ သူတို့ရှိရာသို့ လျှောက်လှမ်းသွားသည်။ ထို့နောက် သူသည် လူအများ ကြည့်ရှုနေရာ ကောင်းကင်သို့ စူးစိုက်ကြည့်လိုက်သည်။ ဘာမျှ မတွေ့မမြင်ရချေ။

ထိုသို့ဖြင့် မင်းသားလေးက သူ့အနီးရှိ လူတစ်ယောက်အား...

"သင်တို့အားလုံး ဘာကို ကြည့်နေကြတာလဲ" ဟု မေးလိုက်သည်။

ထိုအခါ ထိုလူက သူ့ကို သေချာစွာစိုက်ကြည့်ပြီး...

"ကျွန်ုပ်တို့တိုင်းပြည်ရဲ့ ဘုရင်မင်းမြတ်မှာ သမီးတော်တစ်ပါးရှိတယ်။ သမီးတော်လေးဟာ အလွန်ချော၊ အလွန်လှတယ်။ မင်းသမီးလေးလို ချောမောလှပတဲ့သူ ဒီကမ္ဘာမှာ ရှာလို့ မတွေ့နိုင်ဘူး။ ဘုရင်ကြီးဟာ သူ့သမီးတော်လေးကို အလွန်ချစ်ရှာတယ်။ ဒါကြောင့် ဘယ်သူ့ကိုမှ မင်းသမီးကလေးကို ဖူးမြင်ခွင့်မပေးဘူး၊ ဒါ့ပြင် မင်းသမီး ကလေးကို နန်းတော်ထဲမှာထားရတာ စိတ်မချလို့ ကောင်းကင်မြင့်မြင့်နေရာမှာ နန်းတော်တစ်ဆောင် ဆောက်လုပ်ပြီး မင်းသမီးလေးကို ထားရှိစေတယ်။ မင်းသမီးလေးဟာ အဲဒီ နန်းတော်ဆောင်ထဲမှာ တစ်ပါးတည်း စံမြန်းရရှာတယ်။ ဘုရင်ကြီးဟာ တိုင်းရေးပြည်ရေး ကိစ္စများ ဆောင်ရွက်ပြီးစီးတဲ့အခါ သမီးတော်ကလေးကို သွားရောက်ကြည့်ရှုတော်မူတယ်။ အခု ဘုရင်ကြီးဟာ သူ့သမီးတော်လေးရဲ့ နန်းတော်အဆောင်ထဲမှာ ရောက်ရှိနေတယ်။ မကြာခင် မြေပြင်ကို ပြန်လာမှာဖြစ်တယ်။ ဒါကြောင့် ဒီလူအုပ်ကြီးဟာ ဘုရင်ကြီးပြန်အလာကို စောင့်မျှော်နေကြတာဖြစ်တယ်" ဟု ရှင်းလင်းပြောဆိုလေသည်။

မင်းသားလေးသည်လည်း အလွန်အံ့သြသွားသည်။ ထို့နောက်

mgyoe.com

mgyoe.com


မင်းသားလေးက...

"ကောင်းကင်မှာ နန်းတော်ကြီးတစ်ဆောင် ဆောက်လုပ်တာ ဘယ်လို ဖြစ်နိုင်ပါ့မလဲ" ဟု မေးလိုက်သည်။

ထိုအခါ မင်းသားလေးဘေးရှိလူက...

"ဒါလား၊ နတ်တွေက နန်းတော်ကို ဖန်ဆင်းပေးကြတာဖြစ်ပါတယ်။ ဒါ့ပြင် အဲဒီနန်းတော်ကို ဘုရင်ကြီးတစ်ပါးသာ သွားရောက်နိုင်တယ်လေ" ဟု ပြောဆိုသည်။

လူငယ် မင်းသားလေးလည်း အဆိုပါ ထူးဆန်းသည့်စကားကို ခေါင်းထဲတွင် စွဲစွဲမြဲမြဲ ထည့်ထားလိုက်လေသည်။ ထိုညတွင် မင်းသားလေးသည် မြင်းရုပ်ပေါ်သို့တက်စီးကာ ကောင်းကင်သို့ တက်လာခဲ့သည်။ သူသည် ကောင်းကင်တွင် ကြီးမားသော နန်းတော်ကြီးတစ်ဆောင်ကို တွေ့မြင်လိုက်ရလေသည်။ အဆောင်တံခါးဝရောက်သော် မင်းသားလေးသည် မြင်းရုပ်ပေါ်မှဆင်းကာ နန်းတော်ထဲသို့ လျှောက်သွားလေသည်။

မင်းသမီးလေးသည် နန်းတော်ထဲသို့ ဝင်လာသူမှာ သူ့ဖခမည်းတော်ဟု ထင်မှတ်သွားသည်။ သို့သော် မင်းသမီးလေးသည် မင်းသားလေးကို သေချာစွာ ကြည့်လိုက်သည့်အခါ သူ့ဖခမည်းတော် မဟုတ်မှန်း သိရှိသွားလေသည်။ သို့သော် မင်းသမီးလေးက မင်းသားကလေးအား နတ်သားတစ်ပါးသာ ဖြစ်ရမည်ဟု တွေးမိပြန်သည်။ အဘယ်လူသားမှ ဤနန်းတော်သို့ လာရောက်နိုင်ကြမည်မဟုတ်ပေ။ ထို့ကြောင့် မင်းသမီးလေးသည် မင်းသားလေးအား ကောင်းမွန်စွာ ကြိုဆိုသည်။ မင်းသမီးကလေးသည် နတ်သမီးတမျှ ချောမောလှပ၍ မင်းသားလေးသည် မင်းသမီးကလေးအား မြင်မြင်ချင်း ချစ်ကြိုက်မိသွားသည်။

mgyoe.com

mgyoe.com


"ဒီလို မင်းသမီးလေးမျိုးကိုသာ လက်ထပ်ရရင် ဒီကမ္ဘာမှာ ငါဟာ အပျော်ဆုံးလူတစ်ယောက် ဖြစ်မှာပဲ" ဟု မင်းသားလေးသည် တွေးမိလေသည်။

ထိုတစ်ချိန်တည်းမှာပင် မင်းသားလေးသည် အသက် ငယ်ငယ် ရွယ်ရွယ်ဖြစ်ပြီး ရုပ်ရည်ချောမောလှပကာ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူဖြစ်၍ မင်းသမီးလေးသည် သူ့နှလုံးသားတွင် အချစ်စိတ်များ တဖွားဖွား ပေါ်လာလေသည်။ ထို့နောက်...

"အဖေဟာ ငါ့ကို ဘာ့ကြောင့် ဘယ်သူ့ကိုမှ မတွေ့မမြင်နိုင်တဲ့ ဒီလိုနေရာမျိုးမှာ ပိတ်လှောင်ထားပါလိမ့်" ဟု တွေးမိကာ သူ့ဖခင်အား အပြစ်တင်မိလေသည်။

ထို့ပြင်...

"တစ်ဦးဦးက ငါ့ကို ချစ်မြတ်နိုးစေချင်တယ်၊ ယုယပိုက်ထွေး စေချင်တယ်" ဟု တွေးမိပြန်လေသည်။

ထို့နောက် မင်းသားလေးနှင့် မင်းသမီးလေးတို့သည် ရင်ဆိုင်မိသွားပြီး တစ်ဦးနှင့်တစ်ဦး လုံးဝ မသိရှိဘဲလျက် တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်ကြလေသည်။

နံနက်မိုးလင်းသော် မင်းသားလေးလည်း မြင်းရုပ်ကိုစီးကာ ထမင်းဆိုင်သို့ ပြန်သွားခဲ့လေသည်။

မကြာမီ ဘုရင်ကြီးသည် ကောင်းကင်နန်းတော်ထဲရှိ သူ့သမီး တော်အား ကြည့်ရှုရန် ရောက်ရှိလာခဲ့လေသည်။

ဘုရင်ကြီးသည် သူ့သမီးထံသို့ ရောက်ရှိတိုင်း သူ့သမီး၏ ကိုယ်အလေးချိန်ကို တိုင်းကြည့်လေ့ရှိသည်။

ဘုရင်ကြီးက အမျိုးသမီးတစ်ဦးသည် ယောကျ်ားသားတစ်ဦး နှင့် ထိတွေ့မှုရှိလျှင် ကိုယ်အလေးချိန် တိုးလာသည်ဟု သိရှိထား

mgyoe.com

mgyoe.com


သည်။

ယခု ဘုရင်ကြီးသည် သူ့သမီး၏ ကိုယ်အလေးချိန်ကို ချိန်ကြည့်သောအခါ ကိုယ်အလေးချိန်သည် နှစ်ပိဿာခန့် ပိုလေးနေသည်ကို တွေ့ရှိရလေသည်။

ထိုအခါ ဘုရင်ကြီးလည်း မျက်လုံးပြူးသွားသည်။ ဒေါသအမျက် ထွက်သွားသည်။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ထောင်ထလာသည်။

ဘုရင်ကြီးက အကြောင်းတစ်ခုခု ဖြစ်ပေါ်နေပြီဟု တွေးမိကာ ဘာဖြစ်သည်ကို စုံစမ်းရန် သူ့နန်းတော်သို့ အမြန်ဆုံး ပြန်လာခဲ့လေသည်။

မှူးမတ်ဝန်ကြီးများက ဘုရင်ကြီးမျက်နှာ မကြည်မသာဖြစ်နေသည်ကို မြင်သော် အဘယ်အကြောင်းကြောင့် မျက်နှာတော် မကြည်မသာဖြစ်ရသနည်းဟု လျှောက်တင်မေးမြန်းကြလေသည်။

ဘုရင်ကြီးလည်း ဖြစ်ပျက်ပုံအလုံးစုံကို ပြောပြသည်။ ထို့နောက် ဘုရင်ကြီးက...

"ငါ့သမီးတော် ဆောင်နန်းကို ငါ့အပြင် ဘယ်သူက သွားနိုင်လဲ၊ ငါ့သမီးဆီသွားရောက်ခဲ့သူကို မိအောင်ဖမ်းဖို့ ကြံကြပေတော့" ဟု မိန့်ဆိုသည်။

မှူးမတ်ဝန်ကြီးများက...

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ဆီမှာ သူရဲကောင်းလေးယောက်ရှိတာပဲ၊ အရှင်မင်းကြီးက သူရဲကောင်းလေးယောက်ကို မင်းသမီးလေးရဲ့ နန်းတော်ထောင့်လေးထောင့်မှာ အစောင့်ချထားလိုက်ရင် ပြီးတာပဲ မဟုတ်လား၊ ဒီတစ်ခါ ဒီကောင်လာရင် ဖမ်းဆီးလိုက်ရုံပဲ" ဟု အကြံပေး လျှောက်တင်ကြသည်။

mgyoe.com

mgyoe.com



ဘုရင်ကြီးက အမတ်ကြီးများ၏ အကြံဉာဏ်သည် ကောင်းသည်ဟု ယူဆသွားသည်။ ညရောက်သော် ဘုရင်ကြီးသည် သူ့ရဲကောင်းလေးယောက်ကို ကောင်းကင်ရှိ နန်းတော်သို့ ခေါ်ဆောင်သွားသည်။

ထို့နောက် သူ့ရဲကောင်းလေးယောက်အား နန်းတော်၏ ထောင့်လေးထောင့်တွင် နေရာချကာ စောင့်ကြပ်စေသည်။ ထိုသို့ စီမံပြီးစီးသော် ဘုရင်ကြီးသည် မြေပြင်သို့ ပြန်ဆင်းသွားသည်။

သူ့ရဲကောင်းလေးယောက်သည် အလွန် အအိပ်ကြီးသူများဖြစ်ကြသည်။ သူတို့သည် မှတ်တတ်ရပ်၍ ကင်းစောင့်ရင်း အိပ်ပျော်သွားကြသည်။ ထို့ကြောင့် မင်းသားလေးသည် မင်းသမီးလေးထံသို့ တစ်ညလုံးလာရောက်ကာ မိုးလင်းချိန်ရောက်မှ ပြန်ဆင်းလာခဲ့သည်။ ဘုရင်ကြီးသည် သူ့သမီးအား ကိုယ်အလေးချိန်ကို ချိန်ကြည့်ရာ သူ့သမီးသည် ကိုယ်အလေးချိန် ၈ ပိဿာတိုးနေသည်ကို တွေ့ရလေသည်။ ဘုရင်ကြီးသည် ဒေါသအလွန်ထွက်နေ၍ စကားကိုပင် မပြောနိုင်တော့ချေ။

ဘုရင့်သမီးတော်တွင် ကိုယ်အလေးချိန် ၈ ပိဿာတိုးနေသည့် သတင်းသည် နေပြည်တော်တစ်ခုလုံး ပျံ့နှံ့သွားကာ လူတိုင်းက ပြောဆိုနေကြလေသည်။ ဘုရင်ကြီးသည်လည်း အလွန်အရှက်ရကာ မည်သူ့ကိုမျှ အတွေ့မခံချေ။ သူသည် အမတ်တစ်ယောက်ကိုခေါ်၍ မည်သို့ ပြုရမည်ဆိုသည်ကို အကြံဉာဏ်တောင်းသည်။ အမတ်ကြီးက...

"အရှင်မင်းကြီး မင်းသမီးလေးရဲ့ အိပ်ရာနဲ့ ကုလားထိုင်တွေပေါ်မှာ စစ်စီးတွေ သုတ်ထားရပါမယ်၊ မင်းသမီးလေးဆီ လာတဲ့လူဟာ အိပ်ရာပေါ်မှာ ဝင်အိပ်ရင်၊ ကုလားထိုင်ပေါ်မှာထိုင်ရင် အဲဒီစစ်စီးတွေဟာ သူ့ကိုယ်ပေါ်မှာ ပေကျံသွားမှာပဲ။ နောက်တစ်နေ့မှာ စစ်စီး

mgyoe.com

mgyoe.com



ပေတဲ့လူ တစ်မြို့လုံးမှာရှာဖွေရင် ဒီလူ ဘယ်ပြေးလို့ လွတ်မလဲ” ဟု အကြံပြုသည်။

ဘုရင်ကြီးလည်း အမတ်ကြီး၏ အကြံဉာဏ်ကို လက်ခံသဘောတူလိုက်သည်။

ထို့နောက် ဘုရင်ကြီးသည် မင်းသမီးလေး၏ အိပ်ရာ၊ ကုလားထိုင်နှင့် ပရိဘောဂအသုံးအဆောင်ပစ္စည်းမှန်သမျှတွင် စစ်စီးများကို သုတ်စေသည်။

ထိုညတွင် မင်းသားလေးသည် မင်းသမီးလေးထံသို့ ရောက်လာပြန်လေသည်။ မင်းသားလေးသည် မင်းသမီးလေးထံမှ အပြန်တွင် သူ့အင်္ကျီတစ်ထည်လုံး၌ စစ်စီးများ ပေကျံနေသည်ကို မြင်တွေ့သွားသည်။

ထို့ကြောင့် သူသည် လမ်းတစ်ဝက်တွင် အင်္ကျီကို ချက်ချင်းချွတ်လိုက်ပြီး လွှင့်ပစ်လိုက်သည်။ အင်္ကျီတွင် ရတနာများ စီခြယ်ထားသော်လည်း မနှမြောတော့ပေ။ ရတနာများသည် သူ့ချစ်မေတ္တာနှင့် နှိုင်းယှဉ်လျှင် ပြောလောက်ဖွယ်မရှိချေ။

ထိုအချိန်တွင် မင်းနေပြည်တော်၌ ဆင်းရဲသားအဘိုးအိုတစ်ယောက် ရှိလေသည်။ သူသည် နေ့စဉ် နံနက်တိုင်း အရုဏ်မတက်မီစောစောထ၍ အိမ်တိုင်းစေ့ တံခါးခေါက်ကာ လူများအား နံနက်ဘုရားဝတ်ပြုရန် လိုက်လံနှိုးဆော်လေ့ရှိသည်။

ထိုနေ့တွင် အဘိုးအိုသည် အိမ်ပေါက်စေ့ လိုက်လံနှိုးဆော်လျက်ရှိရာ ကောင်းကင်ပေါ်မှ အရာဝတ္ထုတစ်ခု ကျလာသည်ကို မြင်တွေ့သွားလေသည်။

ထို့နောက် သူသည် အရာဝတ္ထုကို ကောက်ယူ၍ ကြည့်လိုက်ရာ အဖိုးတန်ရတနာများ စီခြယ်ထားသည့် အဝတ်တန်ဆာကြီး

mgyoe.com

mgyoe.com



ဖြစ်နေသည်ကို သိရှိရလေသည်။ ထိုအခါ အဘိုးကြီးက...

'ငါဟာ ဘဝတစ်သက်တာတစ်လျှောက်လုံး ဘုရားအလုပ်၊ တရားအလုပ်ကို လုပ်နေတဲ့သူမို့ ငါ့ကို ဘုရားမတာပဲ' ဟု တွေးမိကာ အဘိုးအိုသည် အဝတ်တန်ဆာကြီးကို အိမ်သို့ ယူဆောင်သွားလေသည်။

ညနေသို့ရောက်သော် မြို့လုံးကျွတ်လူအားလုံးသည် ဘုရားကျောင်းသို့လာရောက်ကာ ဝတ်ပြုကြလေသည်။ ဘုရားဝတ်ပြုသူများအထဲတွင် ဘုရင်ကြီးက တိတ်တဆိတ်စေလွှတ်၍ ကြည့်ရှုခိုင်းလိုက်သော လူတစ်ယောက်လည်း ပါရှိလေသည်။ ထိုသူသည် ဘုရားမသည်ဟု ယူဆကာ အဖိုးတန် အဝတ်တန်ဆာကြီးကို အမြတ်တနိုးဝတ်ဆင်ထားသော အဘိုးအိုကို မြင်တွေ့သွားလေသည်။

အဘိုးအိုအတွက် ကံဆိုးမိုးမှောင်ကျသွားလေတော့သည်။ အဘိုးအိုသည် ဘုရားဝတ်ပြုနေဆဲမှာပင် အဖမ်းဆီးခံရလေသည်။

ဘုရင်ကြီးက အဘိုးအိုအား...

"သင့်အင်္ကျီမှာ စစ်စီးတွေ ဘာလို့ပေနေတာလဲ" ဟု မေးလိုက်လေသည်။

ထိုအခါ အဘိုးအိုက...

"ကျွန်တော်မျိုး ဒီအင်္ကျီကို လမ်းပေါ်က ကောက်ရကတည်းက အင်္ကျီမှာ စစ်စီးတွေ ပေနေတာပါ" ဟု ပြန်လည်လျှောက်တင်လေသည်။

ဘုရင်ကြီးသည် အဘိုးအို၏စကားကို မယုံကြည်ပေ။ ထို့ကြောင့် အဘိုးအိုအား အကျဉ်းထောင်ထဲသို့ ခေါ်ဆောင်သွားကာ ရိုက်နှက်၍ စစ်ဆေးမေးမြန်းလေသည်။

ထို့နောက် အဘိုးအိုအား ကြိုးပေးရန် အမိန့်ပေးလိုက်လေ

mgyoe.com

mgyoe.com


သည်။ အဘိုးအို ကြိုးမိန့်ပေးသည့်ကိစ္စသည် သေးသေးဖွဲဖွဲကိစ္စ မဟုတ်ချေ။

သာမန်လူသားအဖို့ ဘုရင့်သမီးတော်၏ နန်းတော်ဆောင်သို့ သွားရောက်ကာ မင်းသမီးကလေးနှင့် ချစ်တင်းနှီးနှောရေးသည် လုံးဝ မဖြစ်နိုင်သော ကိစ္စဖြစ်သည်။ ဘုရင့်သမီးတော်၏ ချစ်သူမှာ သာမန် လူသားတစ်ဦး မဟုတ်နိုင်ဟု လူတိုင်းက မှတ်ချက်ချကြသည်။

သို့သော် ယခုကဲ့သို့ ကြိုးဒဏ်ခံရမည့်သူမှာ အဘိုးအိုတစ်ဦး ဖြစ်နေသည်ကို တွေ့ရသောအခါ လူတိုင်းက မယုံကြည်နိုင်ကြပေ။ အဘိုးအိုသည် မှားယွင်းစွာ အပြစ်ကျခံရသူဟူ၍ လူတိုင်းသည် တိုးတိုး တိတ်တိတ် ပြောဆိုနေကြလေသည်။

ထိုသတင်းသည် မင်းသားလေး၏နားသို့ ပေါက်ကြားသွား လေသည်။ မင်းသားလေးသည် အပြစ်မရှိသော အဘိုးအိုအတွက် အလွန်ပင် စိတ်ထိခိုက်သွားသည်။

ထို့ကြောင့် သူသည် သစ်သားမြင်းရုပ်ကိုပိုက်ကာ ကြိုးပေး ကွပ်မျက်မည့်နေရာသို့ လာခဲ့လေသည်။ အဘိုးအိုအား ကြိုးမိန့်ပေး ရန် လည်ပင်းတွင် ကြိုးကွင်းကိုစွပ်လျက် ရှိလေသည်။

ထိုအချိန်တွင် မင်းသားလေးလည်း ရောက်ရှိသွားရာ မင်းသား လေးက ချက်ချင်းပင်...

"အဘိုးအိုကို ကြိုးမပေးပါနဲ့၊ သူ့မှာ အပြစ်မရှိပါဘူး၊ အပြစ် ရှိသူက ကျွန်တော်ပါ၊ ကျွန်တော်ဟာ ကောင်းကင်ရှိ မင်းသမီးကလေး နန်းတော်သို့သွားပြီး မင်းသမီးကလေးနဲ့ အတူနေခဲ့သူဖြစ်ပါတယ်။ စစ်စီးတွေပေနေတဲ့ အင်္ကျီဟာလည်း ကျွန်တော့်အင်္ကျီဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို အမြန်ဆုံးလွှတ်ပေးပြီး ကျွန်တော့်ကိုသာ ကြိုးပေးပါ" ဟု ဆိုကာ အဘိုးအိုအား ကြိုးမပေးရန် တားလေသည်။

mgyoe.com

mgyoe.com


အာဏာသားများကလည်း မင်းသားလေး၏ စကားကိုကြားသော် ကြိုးပေးရန် ဆိုင်းငံ့ပြီး ဘုရင်ကြီးထံသို့ လူလွှတ်ကာ လုလင်ပျို တစ်ယောက်သည် သူသာ အပြစ်ရှိသူဟူ၍ ဝန်ခံပြောဆိုနေကြောင်း မည်သူ့ကို ကြိုးမိန့်ပေးရမည်ဆိုသည်ကို အမိန့်တော်ချမှတ်ပေးပါရန် ဟူသော သတင်းကို ပေးပို့ခိုင်းလိုက်လေသည်။

ဘုရင်ကြီးသည် သတင်းပို့ချက်ကိုကြားနာပြီးနောက် လုလင်ပျိုအား ကြိုးမိန့်ပေးရန် အမိန့်တော် ချမှတ်လိုက်လေသည်။

ထိုသို့ဖြင့် အာဏာသားများလည်း အဘိုးအိုအား ကြိုးမိန့်မှ လွှတ်ပေးလိုက်လေသည်။ ထို့နောက် အာဏာသားများသည် မင်းသားလေးအား ကြိုးမိန့်ပေးရန် ကြိုးကို မင်းသားလေး၏ လည်ပင်းတွင် စွပ်မည်ပြုစဉ် မင်းသားလေးလည်း သစ်သားမြင်းရုပ်ပေါ်သို့ ခုန်တက်ကာ သံပတ်များကို လှည့်၍ ပျံထွက်သွားလေသည်။

အာဏာသားများလည်း ကြိုးကွင်းကိုကိုင်ကာ ငေးငိုင်ကာ ကျန်ရစ်ခဲ့ရှာလေသည်။ တစ်ယောက်နှင့်အများ ခံလိုက်ရလေခြင်းဟူ၍ မချိတင်ကဲဖြစ်ကာ ဘုရင်ကြီးမှာ ဒေါသအလွန်ထွက်ပြီး မူးမေ့သွားမတတ် ဖြစ်သွားလေသည်။

မင်းသားလေးလည်း မင်းသမီးကလေး၏ ကောင်းကင်နန်းတော်သို့ သွားရောက်ကာ မင်းသမီးလေးအား 'နှမတော်၊ မောင်တော်တို့ရဲ့အချစ်ဟာ နေ့တွေရက်တွေ ကြာလာတာနဲ့အမျှ ပိုမိုခိုင်မြဲပြီး အချစ်ဟာ ကြီးမားသထက် ကြီးမားနေပါတယ်။ တစ်ဦးနဲ့တစ်ဦး ခွဲခွာဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့ဘူး၊ မောင်တော်တို့ရဲ့ ကိစ္စကို နှမတော်ရဲ့ ဖခမည်းတော်ကြီးလည်း သိရှိသွားပါပြီ။ နှမတော်ရဲ့ ဖခမည်းတော်ဟာ နေပြည်တော်မှာ မောင်တော့်ကို နေခွင့်ပြုမှာ မဟုတ်ဘူး။ မောင်တော်နဲ့ နှမတော် အတူနေရဖို့က တစ်နည်းပဲ

mgyoe.com

mgyoe.com


ရှိတော့တယ်။ အဲဒီနည်းကတော့ နှမတော်ဟာ မောင်တော်နဲ့အတူ မောင်တော့်ဖခမည်းတော်ဆီကို လိုက်ခဲ့ဖို့ပါပဲ။ ဖခမည်းတော်ဟာ နှမတော်ကို သဘောကျမှာ သေချာပါတယ်" ဟု ပြောဆိုလေသည်။

မင်းသားလေး၏ စကားကိုကြားသော် မင်းသမီးလေးက...

"နှမတော်ဟာ မောင်တော်နဲ့အတူ တစ်သက်လုံးနေဖို့ ဆုံးဖြတ်ထားပါတယ်။ မောင်တော် ဘယ်ကိုပဲခေါ်ခေါ် နှမတော်ဟာ လိုက်ဖို့အဆင်သင့်ပါပဲ" ဟု ပြန်ပြောဆိုလေသည်။

ထိုသို့ဖြင့် မင်းသားလေးနှင့် မင်းသမီးလေးတို့သည် သစ်သားမြင်းရုပ်ကိုစီးကာ ကောင်းကင်နန်းတော်ဆောင်မှ ထွက်ခွာလာခဲ့ကြလေသည်။ ခရီး အတန်ငယ်ရောက်သော် မင်းသမီးလေးက အလန့်တကြားဖြင့်...

"ဟာ နှမတော် ငယ်ငယ်ကလေးကတည်းက မယ်တော်က နှမတော်ကို ပေးထားခဲ့တဲ့ ကျောက်မျက်ရတနာနှစ်ခု မေ့ကျန်ခဲ့တယ်။ ဒီကျောက်မျက်ရတနာဟာ နှမတော် မင်္ဂလာဆောင် အိမ်ထောင်ပြုခဲ့ရင် နှမတော်ရဲ့ ယောက္ခမကို ကန်တော့ဖို့ ပေးခဲ့တာဖြစ်တယ်၊ နှမတော်နဲ့ တစ်ပါတည်း ယူလာခဲ့ဖို့ဟာ မေ့ကျန်ရစ်ခဲ့တယ်။ ဘယ်လိုလုပ်ရပါ့" ဟု ညှိုးငယ်စွာ ပြောဆိုလေသည်။

မင်းသမီးကလေး၏ စကားကိုကြားသော် မင်းသားလေးက...

"အခုဆိုရင် မောင်တော်တို့ဟာ အတော်ဝေးဝေးနေရာကို ရောက်နေပြီ။ ပြန်လှည့်လို့ မဖြစ်တော့ဘူး။ ဒါအတွက် စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့တော့" ဟု ပြောဆိုလေသည်။

"နှမတော်တော့ ဒီကျောက်မျက်နှစ်ခုမပါဘဲနဲ့ ရှေ့ဆက် မသွားနိုင်ဘူး။ နှမတော်ရဲ့ ယောက္ခမအတွက် ကန်တော့ဖို့ လက်ဆောင်ပစ္စည်းမပါဘူးဆိုရင် လူရယ်စရာကြီး ဖြစ်နေမှာပေါ့" ဟု မင်းသမီး

mgyoe.com

mgyoe.com


လေးက ဆိုသည်။

နောက်ဆုံး မင်းသားလေးလည်း မင်းသမီးကလေး၏ဆန္ဒကို လိုက်လျောရကာ မြင်းရုပ်ရှိ သော့တံများကို ကျပ်လိုက်ပြီး မြေပြင်ပေါ်သို့ ဆင်းသက်ခဲ့သည်။ ထိုနောက် မင်းသားလေးက မင်းသမီးလေးအား....

"မောင်တော် ဒီက စောင့်နေမယ်၊ နှမတော် မြင်းကိုစီးသွားပြီး ကျောက်မျက်ရတနာကို မြန်မြန်သာ ယူလာခဲ့ပေတော့" ဟု ပြောဆိုလေသည်။ မင်းသမီးကလေးလည်း မြင်းပေါ်သို့တက်ကာ ထွက်လာခဲ့သည်။

ထိုအချိန်တွင် ဘုရင်ကြီးသည် မင်းသားလေး ထွက်ပြေးသွားသည်ကို သိရှိသွားရာ မူးမေ့လဲကျသွားလေသည်။ မှူးမတ်များက ယပ်ခတ်ပေး၍ ပြန်လည်သတိရလာသည်။

ထို့နောက် သမီးတော်အတွက် စိုးရိမ်မိကာ ကောင်းကင်နန်းတော်ဆီသို့ အမြန်ဆုံး သွားရောက်ခဲ့သည်။ သို့သော် အဆောင်ထဲတွင် သမီးတော် မရှိတော့ပေ။

ဘုရင်ကြီးသည် မည်သို့လုပ်ရမည်ဆိုသည်ကို စဉ်းစားနေစဉ်မှာပင် သစ်သားရုပ်ကိုစီးပြီး ပြန်လာသော သမီးတော်လေးကို ရုတ်တရက် မြင်တွေ့လိုက်ရလေသည်။

ထိုအခါ ဘုရင်ကြီးသည် အိပ်ရာခုတင်အနောက်တွင် ပုန်းကွယ်နေလိုက်သည်။ မင်းသမီးကလေး အခန်းထဲသို့ ဝင်လာသည်နှင့် တစ်ပြိုင်နက် ဘုရင်ကြီးသည် အိပ်ရာခုတင်နောက်မှ ထွက်လာကာ မင်းသမီးလေးအား ဖမ်းပြီး အခန်းလွတ်ထဲတွင်ထည့်ကာ တံခါးကို ပိတ်ထားလိုက်လေသည်။ သစ်သားမြင်းရုပ်လည်း ဘုရင်ကြီး၏လက်ထဲသို့ ရောက်ရှိသွားလေသည်။

mgyoe.com

mgyoe.com


သို့သော် ဘုရင်ကြီးသည် မြင်းရုပ်ကို မည်သို့ အသုံးချရမည်ဆိုသည်ကို မသိချေ။ ထို့ကြောင့် ဘုရင်ကြီးသည် မြင်းရုပ်ကို တခြားအခန်းလွတ်ထဲတွင် ပစ်ထည့်ထားလိုက်လေသည်။

ယခင်က သူ့သမီးတော်သည် အလွန်ချောမောလှပသည်ဟုကြား၍ တိုင်းတစ်ပါးမှ ဘုရင်တစ်ပါးသည် သူ့သားတော်နှင့် လက်ထပ်ထိမ်းမြားရန် လူလွှတ်၍ စကားကမ်းလှမ်းခဲ့ရာ ဘုရင်ကြီးက ငြင်းပယ်ခဲ့ဖူးလေသည်။

ယခုအခါ သမီးတော်သည် အရုက်တကွဲ အကျိုးနည်းနေပြီဖြစ်၍ သူ့သမီးတော်အား လက်ထပ်မည့်သူရှိတော့မည်မဟုတ်ချေ။

ထို့ကြောင့် ဘုရင်ကြီးသည် တစ်ခါက သမီးတော်အား သူ့သားတော်နှင့် လက်ထပ်ရန် ကမ်းလှမ်းဖူးသည့် ဝေးလံသည့် အရပ်ဒေသမှ ဘုရင်ကြီးဆီသို့ စာလှမ်းရေးလိုက်လေသည်။ ထိုစာတွင်...

"အဆွေတော် ကျွန်ုပ်၏သမီးတော်သည် လက်ထပ်ရန် အရွယ်ရောက်ပြီဖြစ်၍ သင့်သားတော်နှင့် လက်ဆက်ကာ ကျွန်ုပ်တို့ချင်းဆွေမျိုးတော်စပ်ပြီး နှစ်နိုင်ငံချင်း ရွှေလမ်းငွေလမ်းခင်း၍ ချစ်ကြည်ရင်းနှီးစွာ နေထိုင်သွားလိုကြောင်း၊ ထို့ကြောင့် ကျွန်ုပ်၏သမီးတော်နှင့်လက်ထပ်ရန် အဆွေတော်၏သားကို သမီးတော်အား ဆောင်ကြဉ်းခေါ်ဆောင်သွားဖို့ အမြန်ဆုံး စေလွှတ်လိမ့်မည်ဟု မျှော်လင့်ရပါကြောင်း ဖော်ပြထားလေသည်။

ထိုအချိန်တွင် မင်းသားလေးသည် မင်းသမီးလေးကို စောင့်မျှော်ခဲ့ရာ အချိန်အတော်ကြာသွားပြီဖြစ်သည်။

ထို့နောက် မင်းသားလေးသည် အရုပ်လေးမျက်နှာသို့ လှည့်လည်ကြည့်ရှုလိုက်ရာ အလွန်ကျယ်ပြန့်သော သဲကန္တာရကြီးကိုမြင်တွေ့ရသည်။ မြင့်မားလှသည့် သဲတောင်ပုံကြီးများက ပတ်ချာဝိုင်း

mgyoe.com

mgyoe.com


ထားသည်။

လေပြင်းမုန်တိုင်း တိုက်ခတ်လျှင် သဲများသည် ပတ်ဝန်းကျင် တစ်ခုလုံးကို ဖုံးအုပ်သွားသည်။ နေကလည်း ခြစ်ခြစ်တောက် ပူပြင်းလှသည်။ အပင်ဟူ၍ မြက်ပင်ပင် မရှိချေ။

ထို့ပြင် သူသည် ဗိုက်ကဆာ ရေကငတ်လာသည်။ ရေကို အလွန်သောက်ချင်သည်။ သို့သော် ရေတစ်ပေါက်မျှပင် ရှာဖွေ၍ မတွေ့ချေ။

သဲတောင်ပေါ်တက်ကြည့်လျှင် တစ်ခုခု တွေ့မြင်နိုင်ဖွယ်ရှိသည်ဟု ယူဆ၍ မင်းသားလေးသည် သဲတောင်ပေါ်သို့ ကြိုးစားကာ တက်လာခဲ့သည်။ ခြေလှမ်းတိုင်း သဲထဲတွင် နစ်ကျွံဝင်နေ၍ သဲတောင် ပေါ်သို့ ခက်ခက်ခဲခဲ တက်လာရသည်။

မကြာမီ မင်းသားလေးသည် တောင်ပေါ်သို့ ရောက်ရှိသွားသည်။ သူသည် တောင်ပေါ်မှ အောက်သို့ လှမ်းကြည့်မည်ပြုစဉ် သူ့ခြေထောက်ရှိ သဲများသည် ဆောင်းရာသီ၌ ခဲနေသော ရေခဲများသည် မိုးရာသီတွင် အရည်ပျော်ဆင်းသွားသကဲ့သို့ သဲများသည် တစ်ရှိန်ထိုးဖြင့် တောင်အောက်သို့ လျှောကျသွားလေသည်။

သူသည် ခြေကုပ်ရ၍ ထကြည့်လိုက်သော် သူ့ရှေ့တွင် သစ်သီး ဥယျာဉ်ကြီးကို တွေ့ရှိရလေသည်။ မှည့်ဝင်းနေသော အသီးများ သီးပွင့်နေသည့် သစ်ပင်များမှာလည်း မျိုးစုံလှသည်။

စားချင့်ဖွယ်ဖြစ်သည်။ မင်းသားလေးလည်း ဥယျာဉ်ထဲသို့ ပြေးသွားကာ မက်မုံသီးများကိုခူးပြီး မြိန်ရည်ရှက်ရည် စားသုံးလိုက် လေသည်။

မက်မုံသီးများသည် ချိုမွှေးလှ၍ စား၍ အလွန်ကောင်းပေ သည်။ မင်းသားလေးလည်း ချက်ချင်း အဆာပြေသွားလေသည်။

mgyoe.com

mgyoe.com


ထို့နောက် သစ်ပင်ကိုမှီပြီး မှေးနေရာ မကြာမီ အိပ်ပျော်သွားလေသည်။

သူသည် အိပ်ရာမှနိုးလာသော် မျက်နှာကို လက်ဝါးဖြင့် စမ်းကြည့်ရာ သူ့မျက်နှာတွင် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ပေါက်နေသည်ကို တွေ့မြင်ရသည်။ ယခင်က သူ့တွင် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ မရှိချေ။

အဘယ့်ကြောင့် ဤသို့ဖြစ်ရသည်ကို ထပ်ခါတလဲလဲ စဉ်းစားနေလေသည်။ မကြာမီ သူ့ဗိုက်က ထပ်မံဆာလာပြန်လေသည်။ သို့သော် မက်မုံသီးစားမိ၍ မျက်နှာတွင် အမွေးအမျှင်များ ပေါက်နေခြင်းဖြစ်သည်ဟု သံသယဝင်တွေးမိကာ မက်မုံသီးများကို မစားရဲတော့ချေ။

ထို့နောက် သူသည် သစ်တော်ပင်ကြီးဆီသို့သွားကာ အကိုင်းကို ဆွဲချ၍ အသီးများကို ဆွတ်ယူလိုက်လေသည်။ အလုံးကကြီး၍ အခွံကပါးကာ အရသာမှာ ထူးကဲလှသည်။ သူသည် စား၍ကောင်းမွန်လှသောကြောင့် သစ်တော်သီးကို ခပ်များများ တဝကြီးစားသုံးလိုက်သည်။

သူသည် စားသောက်ပြီးသော် ငိုက်မျဉ်းလာကာ မကြာမီ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။

သူသည် အိပ်ရာမှနိုးသော် မိုးချုပ်နေပြီဖြစ်သည်။ သူသည် မတ်တတ်ရပ်၍ ခါးကိုဆန့်လိုက်ရာ ဦးခေါင်းသည် သစ်ပင်နှင့်သွား၍ ဆောင့်မိလေသည်။ သူ့ခေါင်းသည် ခါးတိုင်းထက် လေးနေသည်ဟု ထင်မိကာ ခေါင်းကို လက်ဖြင့် စမ်းကြည့်လိုက်သည်။

ထိုအခါ သူ့ခေါင်းတွင် ကြီးမားသည့် ချိုကြီးနှစ်ခု ပေါက်နေသည်ကို ထိတ်လန့်ဖွယ် သိမြင်ရလေသည်။ သူ့မုတ်ဆိတ်မွေးများ

mgyoe.com

mgyoe.com


သည် ဆီးနှင်းကဲ့သို့ ဖြူဆွတ်ပြီး ခြေဖျားထိ ရှည်လျားစွာ ကျနေသည်ကို တွေ့ရသည်။ ဤသို့ဖြစ်ရသည်ကို မတွေးဝံ့အောင်ရှိသည်။

"မင်းသမီးလေးပြန်လာရင် ငါ့ကို မှတ်မိတော့မှာမဟုတ်ဘူး၊ ချစ်မှာလည်း မဟုတ်တော့ဘူး၊ ငါဘာလုပ်ရပါ့" ဟု မင်းသားလေးသည် တွေးမိကာ ဝမ်းနည်းရှိုက်ကြီးတငင် ငိုကြွေးမိလေသည်။

သူသည် ငိုကြွေးရင်း ပင်ပန်းလာ၍ မကြာမီ အိပ်ပျော်သွားလေသည်။ သူသည် အိပ်နေစဉ် အိပ်မက်တစ်ခုကို မြင်မက်လေသည်။ အိပ်မက်ထဲတွင် အဘိုးအိုတစ်ဦးသည် သူ့ရှေ့တွင်ရပ်ကာ ခေါင်းကို ပွတ်သပ်၍...

"ငါ့သား ဘာကြောင့် ဒီလောက် ဝမ်းနည်းပူဆွေးနေရသလဲ" ဟု မေးလေသည်။ မင်းသားလေးသည် သူ့ ကံမကောင်း အကြောင်း မလှဖြစ်ရပုံကို အစမှအဆုံး ပြောပြလေသည်။

အဘိုးအိုက "ငါ့သား ဘာမှမပူနဲ့၊ သစ်ပင်အောက် သွားပြီး ကြွေကျနေတဲ့ မက်မုံသီးခြောက်နဲ့ သစ်တော်သီးခြောက်တွေကို ကောက် စားလိုက်၊ ငါ့သားမှာ ပေါက်နေတဲ့ ဦးချိုတွေ၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်း မွေးတွေဟာ သူ့အလိုလို ကွယ်ပျောက်သွားပါလိမ့်မယ်၊ ငါ့သား ဒီနေရာမှာ မနေနဲ့၊ မြန်မြန်သာ ထွက်သွားပါ၊ ဒီနေရာဟာ ဘီလူးသဘက်တွေနေတဲ့ နေရာဖြစ်တယ်။ ကြာကြာနေလို့ မသင့်တော်ဘူး၊ အန္တရာယ်ရှိတယ်၊ အခု သူတို့ အိပ်ပျော်နေကြတယ်၊ သူတို့နိုးလာရင် ငါ့သားကို စားပစ်ကြလိမ့်မယ်" ဟု ပြောဆိုလေသည်။

မင်းသားလေးလည်း အိပ်မက်မက်ရင်း ကြောက်လန့်တကြားဖြင့် အိပ်ရာမှ နိုးလာသည်။ သူသည် မျက်စိကို ပွတ်သပ်၍ ဖွင့်ကြည့်လိုက်ရာ စန္ဒာလမင်းသည် ကောင်းကင်တွင် ထိန်ထိန်သာလျက်ရှိသည်

mgyoe.com

mgyoe.com


ကို တွေ့ရသည်။

အေးမြသောလေကလည်း သုတ်ဖြူးတိုက်ခတ်နေသည်။ သဲများသည်လည်း မပူတော့ချေ။ အေးမြလာသည်ဟု ထင်ရသည်။

ထို့နောက် မင်းသားလေးသည် အိပ်မက်ထဲတွင် အဘိုးအိုပြော ကြားသည့်အတိုင်း မက်မုံသီးခြောက်နှင့် သစ်တော်သီးခြောက်များကို လက်တစ်ဆုပ်စာခန့် ကောက်ယူစားသောက်လိုက်ရာ သူ့ခေါင်းတွင် ပေါက်ရောက်နေသော ဦးချိုနှင့် မျက်နှာပြင်တစ်ခုလုံးတွင် ပေါက်ရောက် နေသော မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများမှာ အလိုအလျောက် ပျောက် သွားသည်ကို တွေ့ရှိရလေသည်။

ထို့နောက် သူသည် ခေတ္တခဏစဉ်းစားကာ မိုးမခပင်ကိုင်းများ ကို ချိုးပြီး ခြင်းတစ်ခု ယက်လိုက်လေသည်။ ထို့နောက် ခြင်းထဲတွင် မက်မုံသီး၊ သစ်တော်သီးအစိမ်းနှင့် အခြောက်များကို ခြင်းအပြည့် ထည့်ပြီး သစ်သီးဥယျာဉ်ကြီးထဲမှ အမြန်ဆုံး ပြေးထွက်လာခဲ့လေ သည်။

သူသည် အိမ်ကိုပြန်ချင်သော်လည်း သူ့အိမ်သည် မည်သည့် နေရာတွင် ရှိသည်ကို မသိချေ။ ဘာပဲဖြစ်ဖြစ် ခြေဦးတည့်ရာလျှောက် သွားရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။

ကြည့်လေရာနေရာတိုင်းသည် လူသူကင်းမဲ့သည့် သဲကန္တာရ ကြီး ဖြစ်နေသည်ကို တွေ့ရှိရသည်။ သူသည် ဆာလောင်လျှင် မက်မန်းသီးခြောက်နှင့် သစ်တော်သီးခြောက်များကို စားသုံး၍ မောပန်း လျှင် သဲပေါ်တွင် အိပ်စက်သည်။ အိပ်ရာမှနိုးလာလျှင် ဆက်လက် ခရီးဆက်သည်။

ထိုသို့ မင်းသားလေးသည် ခုနစ်ရက်နှင့် ခုနစ်ညတိုင်တိုင် လမ်းလျှောက်လာရာ သက်ရှိသတ္တဝါဟူ၍ ငှက်တစ်ကောင်မျှပင်

mgyoe.com

mgyoe.com



မတွေ့ရချေ။ နောက်ဆုံး သူသည် လမ်းပေါ်သို့ ရောက်ရှိလာသည်။ သူသည် စိတ်ချလက်ချဖြင့် လမ်းပေါ်တွင်ထိုင်၍ အနားယူနေစဉ် လမ်းပေါ်တွင် မြင်းတစ်ကောင်နှင့် လူတစ်ယောက် လာနေသည်ကို တွေ့မြင်ရလေသည်။

မင်းသားလေးသည် ခရီးလမ်းကို မေးမြန်းကြည့်ရာ အရှေ့ဘက်သို့သွားလျှင် သူ့နေပြည်တော်သို့ ပြန်ရောက်နိုင်ပြီး အနောက်ဘက်သို့သွားလျှင် မင်းသမီးကလေး၏ တိုင်းပြည်သို့ ရောက်ရှိနိုင်ကြောင်း သိရှိရလေသည်။ မင်းသားလေးလည်း...

"ငါ့ရဲ့ချစ်သူ မင်းသမီးလေးနဲ့ သစ်သားမြင်းရုပ် ဆုံးရှုံးသွားမှတော့ ငါနေပြည်တော်ကို ပြန်လို့ ဘာထူးတော့မှာလဲ" ဟု တွေးမိကာ မင်းသားလေးသည် အနောက်ဘက်သို့ ရှေးရှုထွက်ခွာလာခဲ့လေသည်။ လမ်းခရီးတွင် မြင်းတပ်ကြီး ချီတက်လာသည်ကို မြင်တွေ့ရသည်။ မြင်းစီးသူရဲများမှာ ကျကျနန ဝတ်စားဆင်ယင်ထားပြီး မြင်းများကိုလည်း ကကြိုးတန်ဆာ စုံလင်စွာ တပ်ဆင်ထားသည်ကို တွေ့ရသည်။ မြင်းစီးသူရဲများ၏ အလယ်တွင် မြင်းလေးကောင်က သည့် မှန်တံခါး များတပ်ဆင်ကာ ရွှေချထားသည့် ရထားကြီးတစ်စင်းကို တွေ့ရသည်။

မင်းသားလေးလည်း လမ်းဘေးမှရပ်ကာ မြင်းရထားကြီးကို ငေးမောကြည့်ရှု၍ ကောင်းနေစဉ်မှာပင် ရထားကြီးသည် သူ့ရှေ့တွင် ရုတ်တရက် ရပ်သွားသည်။ ထိုနောက် လူတစ်ယောက်ထွက်လာပြီး သူ့အား...

"သင် ဘာရောင်းတာလဲ" ဟု မေးလေသည်။

"ကျွန်တော် ဘာမှ မရောင်းပါဘူး" ဟု မင်းသားလေးက ပြန်ဖြေလိုက်သည်။

mgyoe.com

mgyoe.com


ထိုလူက မင်းသားလေး၏ လက်ထဲမှခြင်းကို လက်ညှိုးထိုး ကာ…

"ဒါတွေဟာ မက်မုံသီးနဲ့ သစ်တော်သီးတွေမဟုတ်လား၊ ကျွန်ုပ်တို့ ဘုရင့်သားတော်လေးဟာ တစ်နေကုန် တစ်နေကုန် ခရီးသွား နေရလို့ ဆာလောင်မွတ်သိပ်နေပါတယ်။ ဒါကြောင့် သစ်သီးကို နည်းနည်းဖြစ်ဖြစ် ရောင်းပါ" ဟု ပြောဆိုလေသည်။

ထိုအခါ မင်းသားလေးက…

"ဒါတွေဟာ ရောင်းဖို့ မဟုတ်ပါဘူး၊ ကျွန်ုပ်စားဖို့ ရိက္ခာတွေ ပါ၊ ဒီလမ်းခရီးမှာစားဖို့ သီးနှံသစ်သီးတွေ့ဖို့ မပြောနဲ့၊ မြက်တစ်ပင် တောင် မရှိဘူးဆိုတာ သင်တို့လည်း သိမှာပါ၊ ဒီသစ်သီးတွေကို ရောင်းလိုက် လို့ ကျွန်ုပ် ဘာနဲ့ သွားစားရမှာလဲ" ဟု ပြန်လည် ပြောဆိုလေသည်။

ထိုစဉ် ရထားထဲမှ ဘုရင့်သားတော်လေးသည် ရွှေထုပ်ကို ပေး၍ လူတစ်ယောက်ကို ထပ်မံလွှတ်လိုက်ကာ "ဘယ်လောက်ပေးရ ပေးရ ဝယ်သာလာခဲ့" ဟု အော်ဟစ်ပြောဆိုလိုက်လေသည်။

မင်းသားလေးက…

"သင်တို့ ဘယ်ကို သွားကြမလို့လဲ" ဟု မေးလိုက်လေသည်။

ထိုအခါ ထိုလူက…

"ကျွန်ုပ်တို့ရဲ့ ဘုရင့်သားတော်လေးဟာ သူ့ကြင်ရာလောင်းဆီ သွားမလို့ ထွက်လာခဲ့တာပါ၊ သူ့ကြင်ရာမင်းသမီးလေးဟာ ဟောဟို နေပြည်တော်မှာ ရှိပါတယ်" ဟု ဆိုကာ အနောက်ဘက်သို့ လက်ညှိုး ထိုးကာ ပြကြားလေသည်။

ထိုစကားကို မင်းသားလေးကြားသွားသည့်အခါ စိတ်တုန်လှုပ် ချောက်ချားသွားသည်။ သို့သော် မျက်နှာမပျက်အောင်ထိန်းကာ သေ ချာအောင် ထပ်မံမေးလိုက်လေသည်။ ထိုအခါ ရထားထဲမှ မင်းသား

mgyoe.com

mgyoe.com



လေး လက်ထပ်ရန် သွားရောက်တောင်းရမ်းမည့် မင်းသမီးလေးမှာ သူ့ချစ်သူ မင်းသမီးကလေးမှလွဲ၍ တခြားမင်းသမီးကလေးမဟုတ်ကြောင်း သိရှိသွားလေသည်။

သို့သော် သူသည် ရွှေထုပ်ကိုလက်ခံကာ ခြင်းထဲမှ မှည့်ရွဲနေသည့် မက်မုံသီးနှစ်လုံးနှင့် သစ်တော်သီးကြီးနှစ်လုံးကို ရွေးယူကာ ပေးလိုက်လေသည်။

ဘုရင့်သားတော်လေးလည်း သစ်သီးများကို ရရှိသော် အလွန်ဝမ်းသာသွားကာ အားရပါးရ ပလုတ်ပလောင်းစားသုံးလေသည်။

ထို့နောက် မြင်းတပ်ကြီးသည် ရှေ့သို့ ဆက်လက် ခရီးနှင်သွားသည်။ ရထားယာဉ်ကြီးသည်လည်း မြင်းတပ်ကြီးအလယ်မှ တလှုပ်လှုပ်ဖြင့် လိုက်ပါလာသည်။

မြင်းရထားထဲမှ မင်းသားလေးလည်း အိပ်ပျော်လျက်ရှိနေပြီဖြစ်သည်။ မကြာမီ ဘုရင့်သားတော်လေးသည် အိပ်ရာမှနိုးလာလေသည်။

ထို့နောက် သူသည် ကြောက်လန့်တကြားဖြင့် အော်လေသည်။ ထိုအခါ မှူးမတ်ဝန်ကြီးများသည် ရထားဆီသို့ ပြေးလာကြသည်။ ထို့နောက် မှူးမတ်ဝန်ကြီးများသည် ရထားထဲသို့ ကြည့်လိုက်ရာ ဘုရင့်သားတော်လေးကို မတွေ့ဘဲ အလွန်ထူးဆန်းသော တိရစ္ဆာန်တစ်ကောင်ကိုသာ တွေ့မြင်သွားကြလေသည်။ အဆိုပါ တိရစ္ဆာန်ကြီးသည် ဦးချိုနှစ်ခုရှိရာ မျက်နှာတစ်ခုလုံးတွင် နူတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးဖြူများ ပေါက်ရောက်နေလေသည်။

သူတို့အားလုံးသည် ကြောက်လန့်သွားကာ မြင်းတပ်ကြီးကို လမ်းတွင်ရပ်ထားလိုက်ပြီး သစ်သီးရောင်းသူကို စောင့်မျှော်နေကြလေသည်။

mgyoe.com

mgyoe.com



မကြာမီ မင်းသားလေးသည် သူတို့ထံသို့ ရောက်ရှိလာလေသည်။ မှူးမတ်ဝန်ကြီးများလည်း မင်းသားလေးကိုတားကာ...

"ကျွန်ုပ်တို့ ဘုရင့်သားတော်လေးကို ရောင်းလိုက်တဲ့သစ်သီးဟာ ဘာသစ်သီးလဲ" ဟု မေးလိုက်လေသည်။

"ဘာဖြစ်လို့လဲ၊ သစ်ပင်က ခူးဆွတ်တဲ့ သစ်သီးပေါ့"

ဟု မင်းသားလေးက ပြန်ဖြေသည်။

ထိုအခါ မှူးမတ်ဝန်ကြီးများက...

"ဘုရင့်သားတော်လေးဟာ သင့်အသီးတွေစားပြီး ဘာဖြစ်လို့ခေါင်းမှာ ချိုတွေပေါက်၊ မျက်နှာမှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေပေါက်နေရတာလဲ" ဟု မေးလေသည်။

မင်းသားလေးလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် ဘုရင့်သားတော်လေးကိုကြည့်ကာ စိတ်ထဲက ဝမ်းသာနေသည်။

သို့သော် ဣန္ဒြေကိုဆည်ကာ...

"ကျွန်ုပ် နေ့တိုင်း ဒီအသီးတွေ စားနေတာပဲ၊ ကျွန်ုပ်ကျတော့ ဘာမှ မဖြစ်ပါလား" ဟု ပြန်လည်ပြောဆိုသည်။ မင်းသားလေး၏ စကားကိုကြားသော် မှူးမတ်ဝန်ကြီးများလည်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ထို့နောက် မင်းသားလေးလည်း ခေတ္တ စဉ်းစားယောင်ပြုကာ...

"သင်တို့ ဘုရင့်သားတော်လေးဟာ သစ်သီးတွေစားပြီး အိပ်ပျော်သွားတယ်မဟုတ်လား" ဟု မေးလိုက်သည်။

"မှန်ပါတယ်၊ ဘုရင့်သားတော်လေးဟာ သစ်သီးတွေစားပြီး အိပ်ပျော်သွားပါတယ်" ဟု မှူးမတ်ကြီးများက ပြန်ဖြေသည်။

ထိုအခါ မင်းသားလေးက...

mgyoe.com

mgyoe.com



"သင်တို့ဟာ ဒီခရီးကိုလာပြီး ဒီအရပ်ရဲ့ ဓလေ့ထုံးစံကို မသိဘဲ ကိုး။ ဒီအရပ်မှာ ဘာကိုပဲစားစား၊ စားပြီးရင် မအိပ်ရဘူး၊ အိပ်တာနဲ့ ခေါင်းမှာ ချိုတွေ၊ မျက်နှာမှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ ပေါက်လာတယ်" ဟု ပြောဆိုသည်။

မင်းသားလေး၏ စကားကိုကြားသော် မှူးမတ်ဝန်ကြီးများလည်း ကြောက်ရွံ့ထိတ်လန့်သွားကြသည်။ ထို့နောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မင်းသားလေး အအိပ်မက်၊ အစားမက်၍ ဒီလိုဖြစ်ရတာပဲ၊ ဘယ်သူ တတ်နိုင်မှာလဲ" ဟု တွေးမိကြလေသည်။ သို့သော် သူတို့ ဘာဆက်လုပ်ကြရမည်ဆိုသည်ကို မသိရှိကြပေ။

ထို့နောက် မှူးမတ်ဝန်ကြီးများသည် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မင်းသားလေးက မင်းသမီးလေးထံသို့ သွားရောက်သင့်မသင့်ကို စဉ်းစားဆွေးနွေးကြသည်။

ဤပုံစံအတိုင်းဆိုလျှင် မင်းသမီးလေးသည် ဘုရင့်သားတော်လေးကို မည်သို့ လက်ထပ်နိုင်မည်နည်း။ တစ်ဦးက "ကျွန်တော်မျိုးတို့ နေပြည်တော်ကို ပြန်တာပဲ အကောင်းဆုံးပါ၊ သွားရင် မောင်းထုတ်ခံရမှာ သေချာတယ်" ဟု ပြောဆို အကြံပြုသည်။

သို့သော် ဘုရင့်သားတော်လေးက သူသည် နေပြည်တော်သို့သာပြန်လျှင် မကြာမီ သေလိမ့်မည်ဖြစ်ကြောင်း သူသည် မင်းသမီးလေးအား အနှစ်နှစ်အလလက စောင့်ဆိုင်းလာပြီး လက်ထဲသို့ရောက်ခါနီးမှ လက်မလွှတ်နိုင်ကြောင်း ပြောဆိုလေသည်။

မှူးမတ်တစ်ယောက်က "လူချောချော တစ်ယောက်ကို ဘုရင့်သားတော်ယောင်ဆောင်ခိုင်းပြီး မင်းသမီးကလေးကို ခေါ်ဆောင်နိုင်တာပဲ၊ မင်းသမီးလေး ကိုယ့်တိုင်းပြည်ရောက်လာရင် အပိုင်ပဲပေါ့၊ မင်းသမီးလေးဟာ အားကိုးရာမဲ့သွားပြီ၊ ဒီလိုဆိုရင် ဘုရင့်သားတော်

mgyoe.com

mgyoe.com



ကို ဘယ်နည်းနဲ့မဆို လက်ခံရမှာပဲ" ဟူ၍ အကြံပြုသည်။ သူ့ အကြံပြုချက်ကို အားလုံးက သဘောတူကြသည်။

ထိုသို့ဖြင့် သူတို့သည် အနီးအနားတစ်ဝိုက်တွင် လူချောတစ်ယောက်ကို ရှာဖွေကြသည်။ သို့သော် သူတို့သည် သစ်သီးရောင်းသူကဲ့သို့ ချောမောလှပသူကို ရှာဖွေ၍ မတွေ့ကြချေ။ မည်သူနှင့်ယှဉ်ယှဉ် သစ်သီးရောင်းသူလောက် မချောမောကြပေ။

ဤနားတစ်ဝိုက်တွင် သစ်သီးရောင်းသူသာ အချောဆုံးဖြစ်သည်။ ထို့ကြောင့် သူတို့သည် သစ်သီးရောင်းသူအား အကျိုးအကြောင်းပြောဆိုကာ အကူအညီတောင်းခံကြသည်။ ထိုအခါ မင်းသား ကလေးက...

"သင်တို့အလုပ် သင်တို့လုပ်ကြပါ၊ ကျွန်ုပ်မှာ လုပ်စရာရှိပါတယ်" ဟု ဟန်ဆောင်ကာ ငြင်းဆန်လိုက်သည်။ မှူးမတ်ဝန်ကြီးများက "အသပြာ ငါးရာပေးပါ့မယ်" ဟု ပြောဆိုကြသည်။

"အသပြာငါးရာနဲ့ ဘယ်ရပါ့မလဲ" ဟု မင်းသားလေးက ပြန်ပြောသည်။ မှူးမတ်ဝန်ကြီးများက "ဒါဖြင့် အသပြာခုနစ်ရာပေးပါမယ်" ဟု ထပ်မံပြောဆိုကာ ငွေကို တိုးပေးလေသည်။ မင်းသားလေးလည်း သဘောတူလိုက်သည်။

ထိုသို့ဖြင့် သူတို့သည် မင်းသားလေးအား ရထားယာဉ်ထဲတွင် ထိုင်စေကာ ခေါင်းတွင် ချိုပေါက်နေသည့် ဘုရင့်သားတော်လေးအား မြင်းတစ်စီးပေါ်တွင် ပြောင်းလဲတင်ကာ စီးစေသည်။

ထို့ပြင် ဘုရင့်သားတော်လေး၏ မျက်နှာတစ်ခုလုံးကို တခြားသူများမမြင်အောင် အဝတ်ဖြင့် ဖုံးအုပ်ထားသည်။

"မင်းသမီးလေးရဲ့ နန်းတော်ကို ရောက်ရင် အခန်းတစ်ခန်းထဲမှာ ပုန်းနေပါ၊ ဘယ်သူ့ကိုမှ အတွေ့မခံပါနဲ့" ဟု မှူးမတ် ဝန်ကြီးများ

mgyoe.com

mgyoe.com



က ဘုရင့်သားတော်လေးကို မှာကြားသည်။ ထိုသို့ စီမံပြီးစီးပြီးနောက် မြင်းတပ်ကြီးသည် ရှေ့သို့ ထွက်ခွာလာခဲ့လေသည်။

မင်းသမီးကလေး၏ နေပြည်တော်သို့ရောက်လျှင် မင်းသမီးကလေး၏ ဖခမည်းတော် ဘုရင်ကြီးသည် ကိုယ်တိုင်ထွက်လာကာ သူတို့အား ကြိုဆိုသည်။ ဘုရင်ကြီးသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် ချော မောလှပသော သူ့သမက်လောင်း မင်းသားလေးအား လက်ဆောင်ပစ္စည်းများစွာဖြင့် ရောက်ရှိလာသည်ကိုတွေ့သော် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ သို့သော် ဘုရင်ကြီးသည် သူ့သမီးတော်၏ ဂုဏ်သရေ ညှိုးနွမ်းစေသည့် အပြုအမူကို ပြန်၍ သတိရလာသော အခါ စိုးရိမ်မကင်း ဖြစ်သွားသည်။ မင်းသားလေးက သူ့သမီးတော်၏ အကြောင်းကို သိသွားလျှင် မည်သည့်နည်းနှင့်မျှ သူ့သမီးတော်အား လက်ထပ်လိမ့်မည်မဟုတ်ဟု တွေးမိသည်။

ထို့နောက် ဘုရင်ကြီးသည် မင်္ဂလာပွဲသဘင်ကို လေးရက်နှင့် လေးညတိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီမံသည်။

အသက်အရွယ် ကြီးမားသူများကို အပြင်ဘက်တွင် ဧည့်ခံ၍ လူငယ်လူရွယ်များနှင့် အမျိုးသမီးများကို အတွင်း၌ ဧည့်ခံသည်။

ဘုရင်ကြီးသည် ဧည့်သည်တော်များအား သူ့သမီးတော်လေး၏ ဂုဏ်သရေ ညှိုးနွမ်းမှုအကြောင်းကို ကြားသိခွင့်မရအောင် အချိန်အားလပ်မထားဘဲ ပျော်ရွှင်စရာ အစီအစဉ်များကို တစ်ခုပြီးတစ်ခု ဆက်တိုက် စီမံထားလေသည်။

မင်္ဂလာပွဲ သုံးရက်ပြည့်မြောက်သွားသော်လည်း မင်းသမီးကလေးသည် သူ့ချစ်သူကိုသာ ချစ်ခင်စုံမက်နိုင်မည်ဟုဆိုကာ မျက်နှာကို ဇာပဝါဖြင့် အုပ်ထားဆဲဖြစ်သည်။

ခေါင်းကိုလည်း လုံးဝ မဖော်ပေ။ အဆက်မပြတ် ငိုကြွေးလျက်

mgyoe.com

mgyoe.com


ရှိနေသည်။ လေးရက်မြောက်နေ့တွင် ဘုရင်ကြီးလည်း လူယုံတော် အဘွားအိုတစ်ဦးကို စေလွှတ်ကာ သူ့သမက်နှင့် သမီးတော်တို့ ချစ်ခင် စုံမက် ရှိမရှိ အကြည့်ခိုင်းလိုက်လေသည်။

ထိုည နန်းတွင်းဧည့်ခံပွဲတွင် မင်းသားလေးသည် မင်းသမီး ကလေးဘေးနားတွင် ထိုင်လျက်ရှိသည်။ မင်းသားလေးသည်လည်း လူ့အလစ်ကို စောင့်ကြည့်နေသည်။

သူတို့အား စောင့်ကြည့်သူ မရှိသည်နှင့်တစ်ပြိုင်နက် မင်းသမီး ကလေးအား သူပြန်လာပြီဖြစ်ကြောင်း တိုးတိုးလေး ကပ်ပြောလိုက် သည်။

မင်းသမီးကလေးလည်း ခေါင်းတွင် ခြုံထားသော ဇာပဝါကို လှစ်ဟလိုက်သည်။ မင်းသားလေးကိုတွေ့သော် များစွာ ဝမ်းသာသွား သည်။ အိပ်မက် မက်နေသည်ဟု ထင်ရသည်။

သူ့ဖခမည်းတော်သည် အဘယ်သို့သော အကြောင်းကြောင့် မင်းသားလေးကို ပြန်လည်ခေါ်ဆောင်လာရသနည်းဟု တွေးနေမိ သည်။

မင်းသားလေးလည်း မင်းသမီးလေးအား အသံကျယ်လောင် စွာ ပြောမိမည်စိုး၍ ဖြစ်ပျက်သမျှ အလုံးစုံကို တိုးတိုးကလေး ပြောပြ ကာ သူ့အား မသိဟန်ဆောင်ကာနေရန် ပြောလိုက်သည်။

ထိုသို့ဖြင့် မင်းသမီးကလေးသည် မျက်ရည်စများကို သုတ် လိုက်သည်။ မင်းသားလေးနှင့် ရယ်ကာမောကာ စကားများ ပြောဆို သည်။

မင်းသားလေးနှင့် အကြိမ်ပေါင်း မရေတွက်နိုင်အောင် တွဲက သည်။ သူတို့နှစ်ဦးသည် တွဲကနေစဉ် မည်သို့ ထွက်ပြေးရမည်ဆို သည်ကို တိုင်ပင်ကြသည်။ အကြံထုတ်ကြသည်။

mgyoe.com

mgyoe.com


မင်းသားလေးက…

"လက်ထပ်ထိမ်းမြားပြီးလို့ နှမတော်လေးက နှမတော်လေးရဲ့ ဖခမည်းတော်ဆီသွားပြီး နှုတ်ဆက်တဲ့အခါ မြင်းရုပ်ကို ပေးပါလို့ တောင်းပါ။ မြင်းရုပ်ကို မပေးဘူးဆိုရင် မင်းသားလေးနဲ့ လိုက်မသွားဘူးလို့ ငြင်းဆန်ပါ၊ အကျပ်ကိုင်ပါ" ဟု ပြောဆိုလေသည်။

ထိုအချိန်တွင် ဘုရင်မင်းမြတ်လွှတ်လိုက်သည့် အဘွားအို သည် ပြန်လည်ရောက်ရှိလာပြီး…

"အရှင်မင်းမြတ်ရဲ့ သမက်တော်နဲ့ သမီးတော်တို့ဟာ ဘယ်လောက်များ တစ်ယောက်ကိုတစ်ယောက် ချစ်ကြသလဲဆိုရင် သူတို့ဟာ တစ်ညလုံး သီချင်းတွေဆိုလိုက်၊ ကလိုက်နဲ့ ပျော်နေကြပါတယ်"

ဟု လျှောက်တင်လေသည်။ ဘုရင်ကြီးလည်း အဘွားအို စကားကိုကြားသော် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။

နောက်တစ်နေ့တွင် များစွာသော လူကြီးလူကောင်းများသည် မင်းသမီးကလေးအား နှုတ်ဆက်ရန် နန်းတော်တံခါးဝတွင် စုရုံး ရောက်ရှိလာကြလေသည်။

ဘုရင့်သားတော်၏ မြင်းတပ်ကြီးသည်လည်း ထွက်ခွာရန် အဆင်သင့် ဖြစ်နေသည်။

ထိုအချိန်တွင် မင်းသမီးကလေးသည် ဘုရင်ကြီး၏ခြေကို ဖက်ပြီး မြင်းရုပ်ကိုပေးရန်နှင့် မပေးပါက မင်းသားလေးနောက်သို့ လိုက်သွားမည်မဟုတ်ဟု ပူဆာပြောဆိုနေလေသည်။

ဘုရင်ကြီးလည်း ဒေါသထွက်ကာ အာဏာသားများကိုခေါ်၍ သမီးတော်အား ခြောက်လှန့်ခြိမ်းခြောက်ခိုင်းလေသည်။

သို့သော် မင်းသမီးလေးသည် လုံးဝ ကြောက်လန့်မှုမရှိဘဲ "သမီးတော်ရဲ့ မြင်းရုပ်ကို မပေးဘူးဆိုရင် သမီးတော်ကိုသာ သတ်

mgyoe.com

mgyoe.com


လိုက်ပါတော့"

ဟု ဆိုလေသည်။ ဘုရင်ကြီးလည်း စိတ်သာဆိုးသော်လည်း ဘာမျှ မတတ်နိုင်ချေ။ ညေ့သည်တော် လူကြီးလူကောင်းများသည် လည်း စောင့်ရသည်မှာ ကြာပြီဖြစ်၍ နန်းတော်ထဲသို့ ပြန်ဝင်လာကြ ကုန်ပြီဖြစ်သည်။

ထို့နောက် သူတို့က မင်းသမီးကလေး အဘယ့်ကြောင့် ထွက် တော်မမူရသေးသနည်းဟု မေးကြသည်။ ဘုရင်ကြီးက...

"သူ့မြင်းရုပ်ကို ပြန်ပေးဖို့ မရမကပူဆာပြီး နွဲ့ဆိုးဆိုးနေတယ် လေ၊ ဒါကြောင့် ထွက်မရ ဖြစ်နေတာပေါ့"

ဟု ပြောဆိုသည်။

ဘုရင်ကြီး၏စကားကိုကြားသော် လူကြီးလူကောင်းများသည် ရယ်မောကြပြီး...

"အရှင်မင်းကြီး၊ မင်းသမီးကလေး နှစ်သက်မြတ်နိုးတဲ့ ကစား စရာအရုပ်ကို ဘာလို့ မပေးဘဲနေရတာလဲ၊ ယူသွားပါစေ"

ဟု လျှောက်တင်ကြသည်။ ဘုရင်ကြီးလည်း ဘာမျှ မပြောဘဲ သစ်သားမြင်းရုပ်ကို သမီးတော်အား ပေးလိုက်လေသည်။

ထိုသို့ဖြင့် မြင်းတပ်ကြီးလည်း စတင်ထွက်ခွာလေသည်။

ရက်ပေါင်းများစွာ ကြာသော် ခရီးအတော်အတန် ရောက်ရှိခဲ့ ပြီဖြစ်သည်။ သူတို့အား မျက်ခြည်မပြတ် စောင့်ကြပ်ကာ ဂရုတစိုက် ပြုစုကြ၍ ထွက်ပြေးချင်သော်လည်း မပြေးနိုင်ကြချေ။

ဘုရင့်သားတော်လေး၏ တိုင်းပြည်သို့ ရောက်လုနီးလာပြီဖြစ်၍ စိုးရိမ်စိတ်များ ဖြစ်ပေါ်လာသည်။ ဘုရင့်သားတော်လေး၏ နေပြည် တော်သို့ရောက်လျှင် လွတ်မြောက်ရန် ပို၍ ခက်ခဲသွားမည်ဖြစ်သည်။

နောက်ဆုံးတွင် မင်းသားလေးသည် အကြံတစ်ခု ရသွားကာ

mgyoe.com

mgyoe.com


မင်းသမီးကလေးအား...

"မောင်တော်တို့ နန်းတော်တံခါးဝရောက်ရင် ရွှေတွေအပြည့်ထည့်ထားတဲ့ လင်ပန်းခုနစ်ပန်း ပေးရမယ်လို့ တောင်းဆိုရမယ်။ အဲဒီလို တောင်းဆိုချက်မရရင် ရထားယာဉ်ပေါ်က မဆင်းဘူးလို့ပြောပါ။ ရွှေငွေ ရရင် မြေကြီးပေါ်သာ ကြဲချလိုက်ပါ။ လူတွေအားလုံး အလုအယက် ကောက်ယူကြလိမ့်မယ်"

ဟု ပြောဆိုလေသည်။

မကြာမီ သူတို့သည် နန်းတော်တံခါးဝသို့ ရောက်ရှိလာကြသည်။ မင်းသမီးကလေးလည်း မင်းသားလေး ပြောကြားသည့်အတိုင်း ဆောင်ရွက်သည်။

မင်းသားလေးလည်း သစ်သားမြင်းရုပ်ကို အဆင်သင့်ပြင်ဆင်ထားလေသည်။ ရွှေများကို လူများအုံခဲကာ ဝိုင်းလုကောက်နေစဉ် မင်းသားလေးလည်း မင်းသမီးလေးကို သစ်သားမြင်းရုပ်ပေါ်သို့ ဆွဲတင် ပြီး သော့ပေးကာ ကောင်းကင်ပေါ်သို့ ပျံတက်ခဲ့လေသည်။

နောက်ဆုံး သူတို့သည် ဘေးမသီ ရန်မခဘဲ မင်းသားလေး၏ တိုင်းပြည်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြလေသည်။

မင်းသားလေး၏ ဖခမည်းတော်လည်း မင်းသားလေး ပျောက်ဆုံးသွားကတည်းက မင်းသားလေးအား နေ့နေ့ညည သတိရ လွမ်းဆွတ်လျက် ရှိနေသည်။

ဘုရင်ကြီးက လက်သမားကြောင့် သူ့သား ဤသို့ဖြစ်ရသည် ဟုဆိုကာ လက်သမားအားသတ်ရန် အမိန့်ပေးလိုက်သည်။ လက်သမားအား တံတားပေါ်တွင် သံနှင့်ရိုက်ပြီး ဆွဲထားသည်မှာ သုံးရက်နှင့် သုံးညတိုင် ရှိသွားပြီဖြစ်သည်။

မင်းသားလေးလည်း ဖခမည်းတော်အား...

mgyoe.com

mgyoe.com


"ဖခမည်းတော်ဘုရား၊ လက်သမားရဲ့ မြင်းရုပ်ဟာ သားတော်ကို အကူအညီများစွာ ပေးပါတယ်။ ဒီမြင်းရုပ်သာ မရှိဘူးဆိုရင် သားတော်ဟာ တိုင်းပြည်အနှံ့ကို ရောက်ဖူးမှာမဟုတ်ဘူး၊ ဘုရင့်သမီးတော်လေးကိုလည်း ရရှိနိုင်မှာ မဟုတ်ဘူး၊ ခမည်းတော်နဲ့ ပြန်လည်တွေ့ဆုံရမှာလည်း မဟုတ်ဘူး။ ဒါကြောင့် လက်သမားဆရာကို ဆုလာဘ်အများကြီး ပေးသနားတော်မူပါ" ဟူ၍ လျှောက်ထားလေသည်။

သားတော်လေး၏ စကားကိုကြားသော် ဘုရင်ကြီးလည်း နောင်တကြီးစွာ ရရှိသွားသည်။ ဘုရင်ကြီးသည် သားတော်လေးအား လက်သမားဆရာကို သတ်မိန့်ပေးထားကြောင်း ဖွင့်ပြောပြသည်။

ထို့နောက် လူတစ်ယောက်ကို တံတားဆီသို့ အမြန်ပြေးစေကာ လက်သမားဆရာကြီးအား ကြည့်ခိုင်းသည်။ လက်သမားဆရာကြီးကား မသေသေးပေ။

ထို့နောက် လက်သမားဆရာကြီးအား သံကြိုးမှဖြုတ်ကာ နန်းတော်သို့ ခေါ်ဆောင်လာခဲ့သည်။ မင်းသားလေးကိုယ်တိုင် လက်သမားဆရာကြီးအား ဒဏ်ရာများ ပျောက်ကင်းသည်အထိ စောင့်ရှောက်ပြုစုသည်။

မကြာမီ လက်သမားဆရာကြီး၏ ဒဏ်ရာများသည် လုံး၀ ပျောက်ကင်းသွားသည်။ မင်းသားလေးလည်း လက်သမားဆရာကြီးအား ဆုလာဘ်အဖြစ် ရွှေငွေ အမြောက်အမြားကို ပေးလိုက်လေသည်။

မင်းသားလေးနှင့် မင်းသမီးလေးတို့သည် လက်ထပ်ပွဲသဘင်ကို ကြီးကျယ်ခမ်းနားစွာ ထပ်မံကျင်းပသည်။ မကြာမီ မင်းသားလေးသည် ဘုရင်ကြီး၏ ထီးမွေနန်းမွေကို ဆက်ခံကာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အသက်ထက်ဆုံး နေထိုင်သွားကြလေသည်။

mgyoe.com


mgyoe.com


၁၉၆၂ ခုနှစ်၊ တရုတ်ပြည်၊ ပေကျင်းမြို့ Foreign Languages Press. တိုက်ထုတ် Flok Tales From China, First Series စာအုပ်မှ The Wooden Horses.

❐

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကျောက်ခြသေ့်

[တိဘက်ပုံပြင်]

တစ်ခါက ညီအစ်ကိုနှစ်ယောက် ရှိလေသည်။ သူတို့ ဖခင်ကွယ်လွန်သော် ညီအစ်ကိုနှစ်ယောက်သည် မြေဆီဩဇာကောင်းသောတောင်ကြားရှိ အိမ်ကြီးတစ်လုံးတွင် မိခင်ကြီးနှင့်အတူ နေထိုင်ကြသည်။

အစ်ကိုကြီးသည် အလွန် လိမ္မာပါးနပ်သည်။ သို့သော် တစ်ကိုယ်ကောင်းဆန်သည်။ အေးဆေးစွာ နေတတ်သည်။

ညီငယ်မှာမူ ရိုးသား၍ ကြင်နာစိတ်ရှိသည်။ သို့သော် ထိုင်းအသည်။

သူတို့ဖခင်ကြီး ဆုံးပါးသွားပြီးနောက် အစ်ကိုကြီးသည် သူတို့မိသားစု စားဝတ်နေရေးအတွက် အလုပ်များကို သိမ်းကျုံးလုပ်လေသည်။

ညီငယ်မှာမူ အလုပ်ကို ကျွမ်းကျင်စွာ မလုပ်တတ် မကိုင်တတ်သည့်အပြင် အပျင်းကလည်း ထူလှ၍ မိသားစုကို ကောင်းစွာ

mgyoe.com

mgyoe.com



မထောက်ပံ့နိုင်ပေ။

မကြာမီ အစ်ကိုကြီးသည် ညီငယ်အပေါ် ဆက်လက် သည်းညည်းမခံနိုင်တော့ပေ။

ထို့ကြောင့် ညီငယ်အား...

"မင်းဟာ ငပျင်းပဲ၊ မင်းကို ငါ ဆက်လက် မထောက်ပံ့နိုင်တော့ဘူး။ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးပေတော့၊ မင်းဘာသာမင်း ရှာဖွေစားသောက်ပေတော့"

ဟု ပြောဆိုလေသည်။

ညီငယ်သည် အစ်ကို၏စကားကို ကြားသော် များစွာ ဝမ်းနည်းသွားသည်။

သို့သော် အစ်ကို၏စကားကိုလည်း မပယ်ရှားဝံ့ပေ။ သူသည် အမှန်ပင် ထွက်ခွာသွားရပေမည်။

ထို့ကြောင့် ညီငယ်သည် သူပိုင် ပစ္စည်းဥစ္စာများကိုယူကာ သူ့မိခင်အား နှုတ်ဆက်ရန် မိခင်ဆီသို့ လာခဲ့သည်။

ထို့နောက် မိခင်ကြီးအား သူ အိမ်မှ ထွက်ခွာသွားတော့မည်ဖြစ်၍ လာရောက်နှုတ်ဆက်ကြောင်း ပြောဆိုသည်။

မိခင်ကြီးသည် သားငယ်၏စကားကို ကြားသော် အလွန်စိတ်ဆိုးသွားပြီး...

"သားရဲ့အစ်ကိုက ဒီလိုသာ အကြင်နာမဲ့ပြီး သားကို အိမ်မှနှင်ထုတ်တယ်ဆိုရင် အမေလည်း မနေခဲ့ဘူး။ သားနဲ့ အတူလိုက်မယ်၊ ဒီလို သားမိုက်တစ်ယောက်နဲ့ အမေ ကြာကြာမနေနိုင်ဘူး"

ဟု ဝမ်းနည်းကြေကွဲစွာ ပြောဆိုလေသည်။

ထိုသို့ဖြင့် နောက်တစ်နေ့တွင် သားအမိနှစ်ယောက်သည် အိမ်မှ ထွက်ခွာလာကြသည်။

mgyoe.com

mgyoe.com



မကြာမီ သူတို့သားအမိသည် မြို့နှင့် မနီးမဝေးရှိ တောင်ကုန်းကြီးတစ်ခုဆီသို့ ရောက်ရှိလာကြသည်။

ထိုတောင်ကုန်းကြီး၏ ခြေရင်းတွင် လူသူမရှိသည့် တဲကလေးတစ်လုံးကို တွေ့ရှိသည်။

အိမ်အနီးအပါးတွင်လည်း သက်ရှိဟူ၍ တစ်စုံတစ်ဦးမျှ မတွေ့ရချေ။

သူတို့သည် တဲအိမ်အတွင်းသို့ ဝင်ရောက်ကာ မကြာမီ မောမောပန်းပန်းဖြင့် အိပ်ပျော်သွားကြလေသည်။

နောက်တစ်နေ့နံနက်တွင် လူကလေးသည် ပေါက်ဆိန်တစ်လက်နှင့်အတူ အိမ်မှ ထွက်သွားသည်။

သူသည် တောင်ဆင်ခြေလျှောတွင် သစ်များကို ခုတ်ယူလေသည်။ ညနေချိန်ရောက်သော် သစ်ထင်းများ အများအပြား ခုတ်ယူရရှိပြီဖြစ်သည်။

သူသည် ထင်းများကို မြို့ဈေးသို့ ယူဆောင်ရောင်းချရာ ငွေကြေး မြောက်များစွာ ရရှိလေသည်။

သူသည် ငွေထုပ်ကိုပိုက်၍ ပျော်ရွှင်စွာဖြင့် အိမ်သို့ ပြန်လာသည်။

ထို့နောက် ဝမ်းသာအားရဖြင့် သူ့မိခင်အား ငွေများကိုပြကာ...

"အမေ ဘာမှ စိတ်မပူနဲ့တော့၊ သားတို့ စားဖို့သောက်ဖို့ မပူရတော့ဘူး၊ အမေ့ကို သား ကောင်းကောင်းမွန်မွန် ရှာဖွေကျွေးနိုင်ပြီ" ဟု ပြောဆိုလေသည်။

နောက်တစ်နေ့တွင် သူသည် ပေါက်ဆိန်ကိုထမ်းကာ သစ်ခုတ်ရန် ထွက်လာခဲ့ပြန်လေသည်။

သူသည် သစ်များကို ယမန်နေ့ကထက် ပိုမိုရရှိရန် တစ်မနက်

mgyoe.com

mgyoe.com


ခင်းလုံး ခုတ်လေသည်။

ထို့နောက် သစ်ကောင်းများကို ရရှိရန် တောင်ကုန်းပေါ်သို့ တက်ခဲ့သည်။ တောင်ကုန်းပေါ်သို့ရောက်သော် သူသည် ခြင်္သေ့ရုပ်ကြီးတစ်ခုကို ဘွားခနဲ မျက်နှာချင်းဆိုင် မြင်တွေ့လိုက်ရလေသည်။

ကျောက်တုံးကြီးကို ထွင်းထုထားသော ခြင်္သေ့ရုပ်ကြီးဖြစ်လေသည်။

သူသည် ခြင်္သေ့ရုပ်ကြီးကို မြင်သော်...

"ဒီခြင်္သေ့ကြီးဟာ ဒီတောင်ကို စောင့်ရှောက်တဲ့ ခြင်္သေ့ကြီးဖြစ်ရမယ်၊ ငါတို့ရဲ့ ကုသိုလ်ကံ ကောင်းမွန်အောင် ဒီခြင်္သေ့ကြီးက မစတာ ဖြစ်မယ်။ ဒီခြင်္သေ့ကြီးကို မနက်ဖြန် လာကန်တော့မယ်"

ဟု တွေးမိလေသည်။

ထို့နောက် ညနေတွင် သူသည် ဈေးတွင် သစ်ထင်းများကို ရောင်းပြီးနောက် ဖယောင်းတိုင်နှစ်ချောင်းကို ဝယ်ယူလာခဲ့လေသည်။

နောက်တစ်နေ့တွင် သူသည် ကျောက်ခြင်္သေ့ရှိရာသို့ တည့်တည့်မတ်မတ်သွားကာ ဖယောင်းတိုင်ကို မီးညှိ၍ ခြင်္သေ့ရုပ်ကြီး၏ ဘေးတစ်ဖက်တစ်ချက်စီတွင် စိုက်၍ ပူဇော်လေသည်။

ထို့နောက် သူသည် ခြင်္သေ့ကြီး၏ရှေ့တွင် ဒူးထောက်ကာ သူ့ကံ ဆက်လက်ကောင်းစေရန် ဆုတောင်းလေသည်။

ထိုအချိန်တွင် ခြင်္သေ့ကြီး၏ ပါးစပ်ကြီးသည် ရုတ်တရက် ပွင့်လာသည်ကို အလွန်ထူးဆန်းအံ့သြဖွယ် တွေ့မြင်လိုက်ရလေသည်။

ထို့နောက် ခြင်္သေ့ကြီးက သူ့အား

"အသင်... ဒီမှာ ဘာလာလုပ်တာလဲ" ဟု မေးလေသည်။

ထိုအခါ သူက...

"ကျွန်တော်မျိုးဟာ မာနကြီးပြီး ရက်စက်တဲ့ အစ်ကိုက အိမ်မှ

mgyoe.com

mgyoe.com



နှင်ထုတ်လိုက်လို့ ဒီကို ရောက်ရှိလာခြင်း ဖြစ်ပါတယ်။ ဒီတောင်ပေါ်မှာ သစ်ခုတ်ရင်း ဝမ်းစာကို ရှာဖွေစားသောက်နေရပါတယ်။ အရှင်ဟာ ဒီတောင်ကိုစောင့်ရှောက်သူလို့ ကျွန်တော်မျိုး ထင်မိပါတယ်။ ဒါ့ကြောင့် ကျွန်တော်မျိုးကို ဆက်လက်ကူညီမစဖို့နဲ့ ကာကွယ်စောင့်ရှောက်ဖို့ လာရောက် ပူဇော်ပသရခြင်း ဖြစ်ပါတယ်" ဟု ပြန်လည်ပြောကြားလေသည်။

ခြင်္သေ့ကြီးက...

"ကောင်းလှပြီ၊ မနက်ဖြန် ဒီအချိန်မှာ ဒီကို အရောက်လာခဲ့။ သင်နဲ့အတူ ခြင်းကြီးတစ်လုံးကိုပါ ယူဆောင်လာခဲ့၊ သင်လိုသလောက် ဥစ္စာပစ္စည်းတွေကို ချက်ချင်းပေးမယ်" ဟု ဆိုလေသည်။

လူကလေးလည်း ခြင်္သေ့ကြီး၏ ကြင်နာသနားမှုအတွက် ကျေးဇူးတင်စကားဆိုကာ ထင်းများကို စုစည်း၍ ရွာသို့ သယ်ဆောင်သွားလေသည်။

ထို့နောက် သူသည် ထင်းများကို ဈေးတွင်ရောင်းချရာ ငွေများ ရရှိလေသည်။

သူသည် ထိုငွေဖြင့် ကြီးမားသော သစ်သားခြင်းကြီးတစ်လုံးကို ဝယ်ယူလိုက်လေသည်။

နောက်နေ့နံနက်တွင် သူသည် ခြင်းကြီးနှင့်အတူ တောင်ကုန်းပေါ်သို့ တက်လာခဲ့လေသည်။

သူသည် ခြင်္သေ့ရုပ်ကြီးရှေ့သို့ရောက်သော် မြေပေါ်တွင် ဒူးထောက်၍ အရိုအသေပြုကာ ခြင်္သေ့ကြီးအား...

"ကျွန်တော်မျိုး ရောက်ရှိလာပါပြီ" ဟု ပြောဆိုလိုက်လေသည်။

ခြင်္သေ့ကြီးက...

"ကောင်းပြီ၊ သင်လုပ်ရမှာကို ကျွန်ုပ် ပြောပြမယ်၊ သင့်ခြင်းကို

mgyoe.com

mgyoe.com



ကျွန်ုပ်ရဲ့ ပါးစပ်အောက်မှာ ထားပါ၊ ကျွန်ုပ် ခြင်းထဲကို ရွှေတွေ ဖြည့်ပေးပါ့မယ်၊ ခြင်းပြည့်ခါနီးရင် ကျွန်ုပ်ကို ပြည့်ခါနီးပြီလို့ ချက်ချင်းသတိပေးပြောကြားပါ၊ ရွှေဒင်္ဂါး တစ်ပြားတစ်ချပ်မျှ မြေပြင်ပေါ်ကို ကျလို့ မဖြစ်ပါဘူး၊ ဒါဟာ အရေးကြီးဆုံးပါပဲ" ဟု ဆိုလေသည်။

ထို့နောက် လူငယ်လည်း ခြသေ့်ကြီးပြောကြားသည့်အတိုင်း ခြင်းကြီးကို ခြသေ့်ကြီး၏ ပါးစပ်ပေါက်ဝတွင် တေ့ထားပေးလေသည်။

မကြာမီ ခြသေ့်ပါးစပ်ပေါက်ထဲမှ ရွှေဒင်္ဂါးပြားများသည် ခြင်းထဲသို့ ဒလဟော ကျဆင်းလာလေသည်။

ခြင်းထဲတွင် ရွှေများ ပြည့်လုနီးပါးသို့ရောက်သော် လူငယ်ကလေးက ခြသေ့်ကြီးအား "ခြင်းထဲမှာ ရွှေတွေ ပြည့်ခါနီးပါပြီ" ဟု အမြန်ဆုံး ပြောကြားလိုက်လေသည်။

ထိုအခါ ခြသေ့်ပါးစပ်ထဲမှ ကျနေသော ရွှေများသည် ချက်ချင်း ရပ်တန့်သွားလေသည်။

လူငယ်ကလေးလည်း ရွှေအမြောက်အမြားရရှိ၍ ခြသေ့်ကြီးအား အလွန်ကျေးဇူးတင်ကြောင်းပြောဆိုကာ ရွှေခြင်းကြီးကိုထမ်း၍ သူ့မိခင်ဆီသို့ ပြန်လာလေသည်။

သူ့မိခင်ကြီးသည် များပြားလှစွာသော ရွှေများကို မြင်သော် ပထမတွင် ထိတ်လန့်ကြောက်ရွံ့သွားသည်။

သို့သော် သူ့သားက အကြောင်းစုံကို ရှင်းပြလေရာ မိခင်ကြီးသည် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

နောက်နေ့တွင် သားအမိနှစ်ယောက် ရွှေများဖြင့် အိမ်ကြီးတစ်လုံး၊ နွားများ၊ သိုးများကို ဝယ်ယူသည်။

ထို့နောက် သူတို့သားအမိသည် အိမ်သစ်ကြီးတွင် ပြောင်းရွှေ့နေထိုင်ကာ သာယာချမ်းမြေ့ ပျော်ရွှင်စွာ နေထိုင်ကြလေသည်။

mgyoe.com

mgyoe.com



မကြာမီ သူတို့သားအမိနှစ်ယောက် ကြီးပွားချမ်းသာနေကြောင်း သတင်းသည် အစ်ကိုကြီးထံသို့ ရောက်ရှိသွားလေသည်။

အစ်ကိုကြီးသည် သူ့မိခင်နှင့် ညီတို့ ချမ်းသာနေကြသည်ကို မယုံကြည်နိုင်လောက်အောင် အံ့ဩသွားသည်။

အစ်ကိုကြီးသည် သူ့ညီထံသို့ သွားရောက်လည်ပတ်ကာ ချမ်းသာကြီးပွားရသည့် အကြောင်းရင်းကို မေးမြန်းစုံစမ်းမည်ဟု ဆုံးဖြတ်လိုက်သည်။

မကြာမီ အစ်ကိုကြီးနှင့် ဇနီးတို့သည် မိခင်နှင့် ညီငယ်တို့၏ အိမ်သို့ ရောက်ရှိလာကြသည်။ သူတို့သည် လက်ဆောင်အဖြစ် အဝတ်စသေးကလေးတစ်စ ပါလာခဲ့ကြသည်။

ထိုအချိန်တွင် ညီငယ်မှာ လယ်ကွင်းထဲတွင် အလုပ်လုပ်နေ၍ အိမ်တွင် မရှိချေ။ အိမ်တွင် သူ့မိခင်တစ်ဦးတည်းသာ ရှိလေသည်။

သူ့မိခင်သည် သားကြီးနှင့် ချွေးမအား ဝမ်းသာအားရဖြင့် ကောင်းမွန်စွာ ဧည့်ခံကာ အကောင်းဆုံးသော အစားအစာများဖြင့် ကျွေးမွေးပြုစုလေသည်။

ညနေချိန်ရောက်သော် ညီငယ်သည် အိမ်သို့ ပြန်လည်ရောက်ရှိလာသည်။

ညီငယ်သည် အစ်ကိုနှင့်မရီးကိုတွေ့သော် များစွာ ဝမ်းသာသွားသည်။ လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်သည်။

သူ့အစ်ကို၏ မိုက်မှားမှုကို ခွင့်လွှတ်သည်။ ထို့နောက် သူ့ရွှေများကို မည်သို့ ရရှိလာပုံနှင့် သူ့နည်းကိုယူကာ ရွှေများကိုယူရန် အသေးစိတ် ပြောပြအကြံပေးလေသည်။

အစ်ကိုကြီးသည် သူ့ညီ၏စကားကိုကြားသော် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

mgyoe.com

mgyoe.com



နောက်နေ့နံနက်တွင် အစ်ကိုကြီးသည် မြို့သို့သွားကာ ဈေးထဲမှ အကြီးဆုံးခြင်းကြီးကို ရှာဖွေ၍ ဝယ်ယူလာခဲ့သည်။

ထို့နောက် အစ်ကိုကြီးသည် ခြင်းကြီးကို သယ်ဆောင်ကာ ဖယောင်းတိုင်နှစ်တိုင်နှင့်တူ သူ့ညီလမ်းညွှန်သည့်အတိုင်း တောင်ကုန်းပေါ်သို့ တက်လာခဲ့သည်။

မကြာမီ ကျောက်ခြသေ့်ရုပ်ကြီးကို ဘွားခနဲ သွားတွေ့သည်။

ထို့နောက် သူသည် ဖယောင်းတိုင်ကို မီးညှိကာ ဖယောင်းတိုင်တစ်တိုင်စီကို ခြသေ့်ကြီး၏ ဘေးတစ်ဖက်တစ်ချက်စီတွင် စိုက်ထူလိုက်ပြီး မြေပေါ်တွင် ဒူးထောက်ကာ ခြသေ့်ကြီးထံတွင် သူ့အားမစရန် ဆုတောင်းသည်။

ခြသေ့်ကြီးလည်း အသံနက်ကြီးဖြင့် သူ့အား...

"အသင် ဘယ်သူလဲ၊ ဘာအလိုရှိလို့လဲ" ဟု မေးလိုက်လေသည်။

ထိုအခါ သူက...

"ကျွန်တော်မျိုးဟာ မနေ့က ဒီကိုရောက်လာပြီး အရှင်က ရွှေတွေ အမြောက်အမြားပေးလိုက်တဲ့ လူငယ်ကလေးရဲ့ အစ်ကိုပါ။ ကျွန်တော့်ညီက အရှင့်ဆီမှာ သူ့လိုပဲ လက်ဆောင်အဖြစ် ရွှေတွေတောင်းဖို့ အကြံပေးလိုက်တာနဲ့ ရောက်လာရခြင်း ဖြစ်ပါတယ်"

ဟု ပြန်လည်ရှင်းပြလေသည်။

သူ့စကားကြားသော် ခြသေ့်ကြီးက...

"ကောင်းပြီ၊ ကျွန်ုပ်ရဲ့ ပါးစပ်အောက်မှာ ခြင်းကိုထားလိုက်ပါ။ ကျွန်ုပ် ရွှေတွေဖြည့်ပေးပါ့မယ်၊ ဒါပေမဲ့ သင် သတိပြုဖို့က ခြင်းထဲမှာ ရွှေပြည့်ကာနီးရင် ကျွန်ုပ်ကို သတိပေးဖို့ မမေ့ပါနဲ့၊ မြေပြင်ပေါ်ကို ရွှေပြားတစ်ပြားတောင် ကျလို့ မဖြစ်ပါဘူး၊ ဒါကြောင့် ခြင်းထဲမှာ

mgyoe.com

mgyoe.com



ရွှေငွေ ပြည့်လျှံလို့ မဖြစ်ပါဘူး။ ဒါဟာ အရေးကြီးဆုံးပါပဲ၊ ပြည့်လျှံလို့ ရွှေတွေ ကျသွားတာနဲ့ တစ်ပြိုင်နက် သင်ဟာ ကံဆိုးပြီသာ မှတ်ပေတော့"

ဟု သတိပေးစကား ပြောကြားလေသည်။

အစ်ကိုကြီးသည် ခြင်္သေ့ကြီး၏ စကားကိုကြားသော် မကြာမီ ရွှေများ ရရှိတော့မည်ဖြစ်၍ မဖော်ပြတတ်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

စိတ်လှုပ်ရှားလွန်း၍ တစ်ကိုယ်လုံး လှုပ်ခါနေလေသည်။ ထို့နောက် သူသည် ခြင်းကြီးကို ခြင်္သေ့ကြီး၏ ပါးစပ်ပေါက်ဝတွင် တေ့ထားပေးလိုက်လေသည်။

မကြာမီ ခြင်္သေ့ကြီးပါးစပ်ထဲမှ ရွှေများသည် ခြင်းကြီးထဲသို့ ဒလဟော ကျဆင်းလာလေသည်။

လောဘကြီးသည့် အစ်ကိုကြီးသည် ခြင်းထဲတွင် ရွှေများ ပိုဆံ့ ပိုဝင်အောင် ခြင်းကို လှုပ်ခါပေးနေလေသည်။

ထို့ပြင် သူသည် ရွှေများကို လိုချင်တပ်မက်လွန်းအားကြီးနေ၍ ရွှေများပြည့်ကာနီးရောက်နေသော်လည်း ခြင်္သေ့ကြီး သတိပေးမှာကြား ချက်ကို မေ့ချင်ယောင်ဆောင်ကာ မပြောဘဲ နေလေသည်။

ထိုအခါ ရွှေပြားတစ်ပြားသည် ခြင်းထဲမှ လျှံကျကာ မြေပေါ်သို့ ကျသွားလေသည်။ ရွှေပြားနှင့် မြေကြီး ထိလိုက်သည်နှင့် တစ်ပြိုင်နက် ခြင်္သေ့ကြီးပါးစပ်ထဲမှ ကျနေသောရွှေများသည် ရပ်တန့်သွားပြီး ခြင်္သေ့ ကြီး၏ အသံနက်ကြီးဖြင့် သူ့အား...

"ရွှေတုံးကြီးတစ်တုံး ကျွန်ုပ် လည်ချောင်းထဲမှာ တစ်နေတယ်၊ သင့်လက်နဲ့ ဆွဲထုတ်ပေးပါ"

mgyoe.com

mgyoe.com


ဟု ဆိုလေသည်။

ခြင်္သေ့ကြီး၏ စကားကို ကြားသော် အစ်ကိုကြီးသည် ချက်ချင်းပင် သူ့လက်ကို ခြင်္သေ့ကြီး၏ ပါးစပ်ထဲထည့်ကာ ရွှေတုံးကြီးကို နှိုက်ယူလေသည်။

ခြင်္သေ့ကြီး၏ ပါးစပ်ထဲသို့ သူ့လက်ရောက်သော် ချက်ချင်းပင် ခြင်္သေ့ကြီး၏ ပါးစပ်ကြီးသည် ပိတ်သွားလေသည်။ သူ့လက်သည် ခြင်္သေ့ကြီး၏ ပါးစပ်တွင်ညပ်နေကာ ဖြုတ်နုတ်ယူ၍ မရတော့ချေ။

သူသည် အားဖြင့် ဆွဲကြည့်သည် မရ၊ ခြင်္သေ့ကြီးအား ကန်ကျောက်သည်။ သူ့လက်ကို ခြင်္သေ့၏ ပါးစပ်ထဲမှနုတ်၍ မရချေ။ အချည်းနှီးပင်။

ကျောက်ခြင်္သေ့ကြီးက တုပ်တုပ်မျှ မလှုပ်ချေ။ ကျောက်ခြင်္သေ့ကြီး၏ ကျောက်သားများသည် သူ့လက်ကို တင်းကျပ်စွာ ဖိထားလေသည်။

ထို့ပြင် သူသည် ရွှေများဖြင့် ပြည့်နေသော ခြင်းကြီးကို ကြည့်လိုက်သောအခါတွင် ခြင်းထဲ၌ ရွှေတုံး ရွှေပြားများအစား ကျောက်တုံး၊ မြေကြီးများကိုသာ အံ့ဩဖွယ် တွေ့မြင်လိုက်ရလေသည်။

သူသည် များစွာ အံ့ဩကာ ဝမ်းနည်းထိတ်လန့်သွားလေသည်။

ထိုသို့ဖြင့် ညမှောင်ချိန်သို့ ရောက်ရှိလာခဲ့လေသည်။ အစ်ကိုကြီး၏ ဇနီးသည် သူ့ခင်ပွန်း အချိန်တန် ပြန်မရောက်၍ စိုးရိမ်ပူပန်လျက်ရှိနေသည်။

သူ့ခင်ပွန်း သွားရောက်သည့်နေရာကို သိရှိသည်။ ထို့ကြောင့် ဇနီးဖြစ်သူသည် သူ့ခင်ပွန်းအား ရှာဖွေရန် တောင်ကုန်းပေါ်သို့ တက်လာခဲ့သည်။

mgyoe.com

mgyoe.com


မကြာမီ သူ့ခင်ပွန်းအား တွေ့လေသည်။ သူ့ခင်ပွန်းအား...

"ရှင် ဘာလုပ်နေတာလဲ၊ ဘာလို့ အိမ်မပြန်လာတာလဲ" ဟု မေးလေသည်။

"မိန်းမ၊ ငါ အကြီးအကျယ် ဒုက္ခရောက်နေတယ်။ ငါဟာ ခြင်္သေ့ကြီးလည်ချောင်းမှာ ညပ်နေတဲ့ ရွှေတုံးတစ်တုံးကို လက်နဲ့ နှိုက်ယူဖို့ ကြိုးစားနေတုန်းမှာ ခြင်္သေ့ကြီးရဲ့ ပါးစပ်ဟာ ချက်ချင်း ပိတ်သွားတာနဲ့ ငါ့လက်လည်း ခြင်္သေ့ပါးစပ်ထဲမှာ ညှပ်မိနေတယ်၊ ပြန်ထုတ်လို့ မရတော့ဘူး"

ဟု ဝမ်းနည်းစွာ ရှင်းလင်းပြောပြလေသည်။

ခင်ပွန်းသည်၏ စကားကိုကြားသော် အမျိုးသမီးကြီးလည်း ရှိုက်ကြီးတငင် ငိုကြွေးလေသည်။

အမျိုးသမီးကြီးသည် ခြင်္သေ့ကြီးအား အမျိုးမျိုးတောင်းပန်စကား ဆိုသော်လည်း ခြင်္သေ့ကြီးက မည်သို့မျှ ပြန်လည်မတုံ့ပြန်ပေ။

ထိုသို့ဖြင့် အမျိုးသမီးကြီးလည်း လက်မှိုင်ချကာ အိမ်သို့ ပြန်လာခဲ့လေသည်။

ထို့နောက် သူ့ခင်ပွန်းအတွက် အစားအစာများယူဆောင်ကာ ခြင်္သေ့ကြီးထံသို့ ပြန်လာခဲ့လေသည်။

ထိုသို့ဖြင့် အမျိုးသမီးကြီးသည် သူ့ခင်ပွန်းသည် စားသောက်ရန် နေ့စဉ် တောင်ကုန်းပေါ်သို့ တက်၍ အစားအစာများကို ပို့ရလေသည်။

ယခုအခါ သူတို့မိသားစု၏ စားဝတ်နေရေးမှာ အလွန်ပင် ခက်ခဲလာပြီဖြစ်သည်။

အမျိုးသမီးကြီးသည် တစ်အိမ်ထောင်လုံး၏ တာဝန်ကိုယူကာ လုပ်ကိုင်ကျွေးမွေးနေရပြီ ဖြစ်သည်။

နေ့ရက်များ ကြာလာသည်နှင့်အမျှ သူတို့မိသားစုမှာလည်း

mgyoe.com

mgyoe.com


ပို၍ ဆင်းရဲလာခဲ့သည်။ စားဝတ်နေရေးသည် အလွန်ပင် ကျပ်တည်းလာခဲ့သည်။

မဝရေစာ စားသောက်နေရသည်။ နောက်ဆုံး အိမ်နှင့် ရှိသမျှပစ္စည်းများကို ထုခွဲရောင်းချရသည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့သည်။

မကြာမီ အမျိုးသမီးကြီးမှာ နာမကျန်းဖြစ်ကာ အလုပ်မလုပ်နိုင်တော့ပေ။ တစ်နေ့ နံနက်ခင်းတွင် အမျိုးသမီးကြီးသည် ခင်ပွန်းသည်ထံ ပေါင်မုန့်အနည်းငယ်မျှလောက်ကိုပင် ယူဆောင်မသွားနိုင်သည့် အခြေအနေသို့ ရောက်ခဲ့သည်။

အမျိုးသမီးကြီးသည် ဝမ်းနည်းလွန်း၍ ငိုကြွေးကာ...

"ကျွန်မမှာ အိမ်ထဲရှိသမျှ ရောင်းစားလို့ကုန်ပါပြီ၊ အခုဆိုရင် စားသောက်ဖို့ ဝယ်စရာ ပိုက်ဆံ လုံးဝမရှိတော့ဘူး။ အစားအစာအနည်းငယ်မျှ ဘယ်မှာမှ ရှာလို့မရတော့ဘူး။ အစာငတ်ပြီး သေဖို့ပဲကျန်တော့တယ်" ဟု ငိုမြည်တမ်းလေသည်။

ခြသေ့်ကြီးသည် အမျိုးသမီးကြီး၏ စကားကိုကြားသော် မရယ် ဘဲ မနေနိုင်အောင် ဖြစ်သွားသည်။

ထို့နောက် ခြသေ့်ကြီးက ရယ်လိုက်ရာ ခြသေ့်ကြီး၏ ပါးစပ်သည် ဟသွားပြီး ပါးစပ်တွင် ညပ်နေသော လက်သည်လည်း လွတ်ထွက်သွားလေတော့သည်။

အစ်ကိုကြီးသည် သူ့ဇနီးသည်နှင့်အတူ တောင်ခြေသို့ ပြေးဆင်းလာခဲ့ကြသည်။ ထို့နောက် ကလေးများကို ခေါ်ဆောင်ကာ သူတို့မိသားစုသည် ညီဖြစ်သူ၏အိမ်သို့ သွားရောက်ကြလေသည်။

အစ်ကိုကြီးသည် ညီဖြစ်သူအား အလုံးစုံကို ပြောပြကာ သူ့အားခွင့်လွှတ်ရန်နှင့် သူ့ဒုက္ခအား ကယ်ဆယ်ရန် ပြောဆိုတောင်းပန်လေ

mgyoe.com

mgyoe.com


သည်။

ညီဖြစ်သူက...

"ဒါ အစ်ကိုမိုက်ပြစ်ပဲ၊ ခြင်္သေ့ကြီးက အစ်ကို့ကို သတိပေးထားလျက်နဲ့ အစ်ကိုက ရွှေကို ပိုလိုချင်တာကိုး။ အစ်ကို့လောဘက အစ်ကို့ကို သတ်သွားတာပဲ။ လောဘသိပ်ကြီးရင် အရာရာ ဆုံးရှုံးမှာပဲ၊ ကျွန်တော် အစ်ကို့ကို ခွင့်လွှတ်ပါတယ်။ ဒီနားမှာပဲ လယ်တစ်ကွက် လောက်ဝယ်ပါ။ ကျွန်တော် လိုအပ်တဲ့ငွေ ပေးပါ့မယ်။ အစ်ကို ဘာမှ အားမငယ်ပါနဲ့" ဟု ပြောကြားလေသည်။

ထိုသို့ဖြင့် အစ်ကိုဖြစ်သူသည် ဇနီး သားသမီးများနှင့်အတူ ညီငယ်ဝယ်ပေးသည့် ယာကွင်းအတွင်း၌ နေထိုင်ကာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေလေသည်။


ညီငယ်သည် မိခင်ကြီးနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ အသက်ထက်ဆုံး နေထိုင်သွားလေသည်။ သူလုပ်ကိုင်ဆောင်ရွက်သမျှသည် အောင်မြင်မှုများနှင့် ကြုံတွေ့ကာ အစဉ်အမြဲကံကောင်းနေပေတော့သည်။ ။

R.D Binfield ၏ Tale From Over The Sea စာအုပ်မှ The Stone Lion, A Story From Tibet.

❒

mgyoe.com

mgyoe.com



mgyoe.com